# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၇၇)၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ ၁၀-၉-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်း ညှိနှိုင်းအစည်းအဝေးနှင့် စီမံကိန်းကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၉

မြန်မာနိုင်ငံ ဘိလပ်မြေထုတ်လုပ်သူများအသင်း ညှိနှိုင်းအစည်းအဝေး (၄/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆက်စပ်ဝန်ကြီးဌာနများမှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘိလပ်မြေ ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်း ညှိနှိုင်းအစည်းအဝေး (၄/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ်ရှစ်ခုတို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့မည့် ဘိလပ်မြေအိတ် ၅ဒသမ ၃၄ သန်းကို ဖြန့်ဝေနိုင်ရန် ဘိလပ်မြေထုတ်လုပ်သူများအသင်းနှင့် ညှိနှိုင်းရရှိပြီးဖြစ်ကြောင်း၊ ဘိလပ်မြေထုတ်လုပ်မှုနည်းပညာများ တိုးတက်ပြန့်ပွားစေရေးအတွက် နည်းပညာတက္ကသိုလ်၊ နည်းပညာကောလိပ်စသည့် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများတွင် ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းသင်ကြားပေးနိုင်ရေး ဆွေးနွေးလျက်ရှိကြောင်း၊ ဘိလပ်မြေစက်ရုံများအနေဖြင့် ကျောင်းသားကျောင်းသူများ လက်တွေ့လာရောက် ကွင်းဆင်းရာတွင် လက်ခံဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း။

ဘိလပ်မြေ ထုတ်လုပ်သူများအသင်းအနေဖြင့် ဘိလပ်မြေထုတ်လုပ်မှုနှင့် ဆက်စပ်လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ဘိလပ်မြေ ထုတ်လုပ်မှုနည်းပညာများနှင့် ပတ်သက်၍ လိုအပ်ချက်များရှိပါက ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက (၃/၂၀၂၅) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု၊ စက်ရုံများ၏ ဘိလပ်မြေတိုးတက်ထုတ်လုပ်မှုနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု အခြေအနေတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဘိလပ်မြေ အရည်အသွေးကို နိုင်ငံတကာအဆင့်မီ စစ်ဆေးနိုင်ရေးအတွက် ဓာတ်ခွဲခန်းတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ထုတ်လုပ်မှု နည်းပညာအဆင့်ဆင့်အား လွှဲပြောင်းရရှိရေး ဆောင်ရွက်နေမှု၊ ဘိလပ်မြေစက်ရုံများ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ဝိုင်းဝန်းကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့မှု အခြေအနေတို့ကိုလည်းကောင်း၊ ဘိလပ်မြေစက်ရုံများမှ တာဝန်ရှိသူများက စက်ရုံအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဖြန့်ဖြူးရောင်းချမှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်စဉ် တွေ့ကြုံရသည့် အခက်အခဲများကို လည်းကောင်း၊ ဘိလပ်မြေထုတ်လုပ်သူများ အသင်းတွင်ပါဝင်သည့်ဝန်ကြီးဌာန ကိုယ်စားလှယ်များက စက်ရုံအလိုက်လိုအပ်ချက်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဘိလပ်မြေများ ဖြန့်ဖြူးပေးနိုင်ရေး အခြေအနေတို့ကို လည်းကောင်း၊ တက်ရောက်လာသူများက ဘိလပ်မြေများ အရည်အသွေး ပြည့်မီစွာထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည့် အခြေအနေ၊ နည်းပညာလွှဲပြောင်းရရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ စက်မှုလုပ်ငန်းများနှင့် ကျောင်းများ ချိတ်ဆက်ဆောင်ရွက်သွားမည့် အခြေအနေတို့ကိုလည်းကောင်း ဝိုင်းဝန်းဆွေးနွေးကြပြီး စက်ရုံများကတင်ပြသည့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေး၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် စီမံကိန်းကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ရန်ပုံငွေပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ အစည်းအဝေး တက်ရောက်လာသည့် အဖွဲ့ဝင်များက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၉

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နောက် ၂ ရက်အတွက် ခန့်မှန်းချက်မှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

# ဒစ်ဂျစ်တယ်ခေတ်ကို လိုက်မီဖို့ စာတတ်မြောက်ရေး မြှင့်တင်စို့

စားဝတ်နေရေးဟူသည့် လူသားတို့၏ အရေးသုံးပါးကို ဆောင်ရွက်နေကြသူတိုင်း စာတတ်မြောက်ရေးသည် လွန်စွာ အရေးကြီးလှသည်။ ထို့ကြောင့်ပင် စာမတတ်လျှင် အကန်းနှင့်တူသည်ဟုပင် ခိုင်းနှိုင်းလေ့ရှိကြသည်။ စာပေဗဟုသုတရှိသောသူကို မျက်စိနှစ်ကွင်းအလင်းရသူနှင့် ခိုင်းနှိုင်းလေ့ရှိကြသည်။ စာပေမှရသောအသိဉာဏ်တို့ဖြင့် ဘဝကိုမှန်မှန်ကန်ကန် တည်ဆောက်ကာ အကျိုးစီးပွားဖြစ်ထွန်းကာ အေးချမ်းစွာနေထိုင်နိုင်မည်ဖြစ်သည်။

ကုလသမဂ္ဂလက်အောက်ခံ ယူနက်စကိုအဖွဲ့ကြီးက ကြီးမှူး၍ အီရန်နိုင်ငံ တီဟီရန်မြို့၌ ၁၉၆၅ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၉ ရက် အထိ ၁၂ ရက်ကြာကျင်းပခဲ့သော ကမ္ဘာ့နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ပညာရေးဝန်ကြီးများ တက်ရောက်ခဲ့သည့် ကမ္ဘာ့စာတတ်မြောက်ရေး ကွန်ဂရက်မှတစ်ဆင့် သဘောတူဆုံးဖြတ်ချက်ဖြစ်သည့် စက်တင်ဘာ ၈ ရက်ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားများ စတင်ကျင်းပကြသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အဆိုပါနေ့ရောက်တိုင်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို နှစ်စဉ်ကျင်းပလာခဲ့ပါကြောင်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီ နာယက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ကျင်းပသည့် ၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားထားသည့် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနအပါအဝင် ဆက်စပ် ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့များက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်သွားမှသာ နိုင်ငံအတွင်း စာမတတ်သူဦးရေ လျှော့ချနိုင်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းနေအရွယ်လွန် ကျောင်းပြင်ပသို့ ရောက်ရှိနေသည့် ကလေးဦးရေကိုပါ လျှော့ချသွားနိုင်မည်ဖြစ်သဖြင့် မိသားစု၊ ရပ်ရွာဒေသများ ဖွံ့ဖြိုးလာပြီး ထိုမှတစ်ဆင့် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် ယခုထက် ပိုမိုလုပ်ဆောင်လာနိုင်မည်ဖြစ်သလို ဖွံ့ဖြိုးမှုအညွှန်းကိန်းများ တိုးတက်လာမည်ဖြစ်သဖြင့် ယခုထက် ပိုမိုဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဌာနများနှင့်ပူပေါင်းကာ စာတတ်မြောက်ရေးလုပ်ငန်းစဉ်များကို နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် UNESCO အဖွဲ့က ထုတ်ပြန်သည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ concept note တွင် ဒစ်ဂျစ်တယ်စနစ်၏ အခွင့်အလမ်းများနှင့် စိန်ခေါ်မှုနှစ်မျိုးလုံးကို အကျယ်တဝင့်ဖော်ပြထားပြီး ယခုနှစ်အတွက် ထုတ်ပြန်ထားသည့် Promoting literacy in the digital era ဒစ်ဂျစ်တယ်ခေတ်ကို လိုက်မီဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့ဟူသော ဆောင်ပုဒ်ပါအတိုင်း မြန်မာနိုင်ငံအတွင်း ကျောင်းပြင်ပ ပညာရေးကဏ္ဍများဖြစ်သည့် စာတတ်မြောက်ရေး၊ စဉ်ဆက်ပညာရေးနှင့် တန်းညှိပညာရေးဖြစ်သည့် (ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်)များကို နှစ်အလိုက်ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမှသာ နိုင်ငံအတွင်းရှိ စာမတတ်သူဦးရေကို လျှော့ချပေးနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ လမ်း၆၀၊ ၂၈ လမ်းနှင့် ၂၉လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၄လမ်း၊ ၄၈ လမ်းနှင့် ၄၉လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စက်တင်ဘာ ၁၀ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂ လမ်း၊ ၄၃ လမ်းထောင့်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ရန်-မန်းလမ်း၊ မိုးထိအောင်စည်ရိပ်သာအရှေ့၊ ဘောလုံးကွင်းအတွင်းတို့တွင်လည်းကောင်း ၊ စက်တင်ဘာ ၁၁ ရက်တွင် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ရွာလယ်ဘုန်းကြီးကျောင်းတွင်လည်းကောင်း၊ စက်တင်ဘာ ၁၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇ လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ ထီးတန်းရပ်၊ ထီးတန်းပဲတန်းလမ်း၊ ၈၂လမ်းနှင့် ၈၄ လမ်းကြားတို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

## ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ




**ပြင်ဦးလွင် စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ပြင်ဦးလွင်မြို့နယ်မှ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)ရှိ မြို့တော်ခန်းမ၌ကျင်းပပြုလုပ်ရာ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ဘက်စုံပညာကိုရည် တို့လှမ်းချီ" သီချင်းသီဆို၍ အခမ်းအနားစတင်ဖွင့်လှစ်ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲထူးက အဖွင့်အမှာစကားပြောကြား၍ တာဝန်ရှိသူများက ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလွှာများ အသီးသီးပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(ခရိုင်ပြန်/ဆက်)

## အမရပူရမြို့နယ်၌ အိုဇုန်းလွှာအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် TALK SHOW ပြုလုပ်

**အမရပူရ စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြု Community Center ခန်းမတွင် ယနေ့ နံနက် ၁၀ နာရီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး အများပြည်သူများ အသိပညာ ဗဟုသုတရရှိစေရန် ရည်ရွယ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းသိကောင်းစရာခေါင်းစဉ်အောက်မှ စက်တင်ဘာလ ၁၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အိုဇုန်းလွှာအကြောင်းသိကောင်းစရာ ခေါင်းစဉ်ဖြင့် TALK SHOW ကို ဆောင်ရွက်ခဲ့သည်။

အိုဇုန်းလွှာအကြောင်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးမျိုးမင်းက မေးမြန်းသူအဖြစ်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှိုင်ဝင်းသန်းက ဖြေကြားသူအဖြစ် ဆောင်ရွက်ခဲ့ရာ ယနေ့ TALk SHOW တွင် အိုဇုန်းလွှာ၏အဓိပ္ပာယ်၊ အိုဇုန်းလွှာရဲ့အဓိကလုပ်ငန်းများ၊ အိုဇုန်းလွှာပေါက်ခြင်းကြောင့် ခရမ်းလွန်ရောင်ခြည်များ ကမ္ဘာမြေပေါ်ကျရောက်သည့်အခါ ခံစားရမည့် ဆိုးကျိုးများ၊ အိုဇုန်းလွှာကို ပျက်စီးစေသည့်အကြောင်းအရာများ၊အိုးဇုန်းလွှာကာကွယ်ရေး အပြည်ပြည်ဆိုင်ရာ ကြိုးပမ်းမှုများကို ရှင်းလင်းဆွေးနွေးပေးခဲ့သည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ အိုးဇုန်းလွှာထိန်းသိမ်းရေးနေ့ဆောင်ပုဒ်မှာ အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံး မြှင့်တင်ဆောင်ရွက်ပေး (From Science to Global Action) ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

စိုးသီဟ(အမရ)




မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၀)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပြောင်းရွှေ့ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၃၅ /၂၀၂၅
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

### ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်တို့အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးခင်မောင်ကြီး
(၂) ဦးမျိုးမောင်
(၃) ဦးကြည်သိန်း
(၄) ဒေါ်ခင်သင်းဝေ

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်
အမျိုးသားကာကွယ်ရေးနှင့်
လုံခြုံရေးကောင်စီရုံး

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၉၅ / ၂၀၂၅)
၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

### နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ ( စ )နှင့်( ဆ )တို့အရ နိုင်ငံရေးပါတီများ ပါတီဝင်ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက် ပြည့်မီရေးဆောင်ရွက်ပြီး ကော်မရှင်သို့နောက်ဆုံးတင်ပြရမည့်ရက်ကို ၇ - ၉- ၂၀၂၅ ရက်နေ့သတ်မှတ်ကြောင်း ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ( ၅၆/၂၀၂၅ ) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်( ၉ )နှင့် ( ၁၀ ) အရ သတ်မှတ်ရက်ဖြစ်သည့် ၇ - ၉ - ၂၀၂၅ ရက်နေ့အထိ **ပုဒ်မ ၅ ပုဒ်မခွဲ( စ )ပါ သတ်မှတ်ပါတီဝင်ဦးရေ မပြည့်မီသည့်** အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [ National Democratic Force Party (NDF) ] နှင့် **ပုဒ်မ ၅ ပုဒ်မခွဲ( ဆ )ပါ ပါတီရုံးခန်းများ သတ်မှတ်အရေအတွက် မပြည့်မီသည့်** အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [ Democratic Party of National Politics (DNP) ]၊ အမျိုးသမီးပါတီ(မွန်)နှင့် ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ စုစုပေါင်းနိုင်ငံရေးပါတီ ၄ ပါတီကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ ( ခ ) အရ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်းလိုက်သည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၉

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi အား ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်းရှိ နယ်စပ်ဒေသ များ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော်အစိုးရ က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှု များ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီ များ ပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း၌ နယ်မြေတည်ငြိမ်အေးချမ်းမှု ရရှိလာပါက နေရပ်စွန့်ခွာသွားသူများအား ၎င်းတို့၏ ဆန္ဒအလျောက် ဘေးကင်းပြီး ဂုဏ်သိက္ခာရှိစွာ နေရပ် ပြန်နိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက် လျက်ရှိသည့်ကိစ္စရပ်များ၊ UNHCR နှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက် ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်



## ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အသိပညာပေး Talk Show ကျင်းပ

မကွေး စက်တင်ဘာ ၉

မကွေးတိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးအစည်းဝေးခန်းမ၌ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေး (World Ozone Day)အထိမ်းအမှတ်အဖြစ် "အိုဇုန်းလွှာကာကွယ် ရေးသိပ္ပံပညာဖြင့်တစ်ကမ္ဘာလုံးမြင့်တင်ဆောင်ရွက်ပေး" ဟူသော ခေါင်းစဉ်ဖြင့်အသိပညာပေး Talk Show ကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်သည်။


ယခုနှစ် ဆောင်ပုဒ်ဖြစ်သည့် (From Science to Global Action- အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့်တစ်ကမ္ဘာလုံး မြှင့်တင်ဆောင်ရွက်ပေး)ဟူသော ခေါင်းစဉ်ဖြင့် အသိပညာပေး Talk Show ကို တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်နိုးဝေနှင့် ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်တို့က ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများ၊ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ ဖြစ်ပေါ် လာပုံအကြောင်း၊ အိုဇုန်း၏အဓိပ္ပါယ်၊ အိုဇုန်းလွှာပျက်စီးစေသည့် အကြောင်းအရင်းနှင့် အိုဇုန်းလွှာကိုပျက်စီးစေသော ဓာတုဒြပ် ပစ္စည်းများ၊ အိုဇုန်းလွှာမှ ကမ္ဘာမြေနှင့်သက်ရှိတို့အပေါ် အကျိုးပြု မှုများ၊ အိုဇုန်းလွှာမပျက်စီးရအောင် လူသားများ လိုက်နာရမည့် အချက်များ၊ လူသားများအား ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုနှင့် မထိခိုက်အောင် လူသားများ လိုက်နာရမည့် ဆောင်ရန်ရှောင်ရန် အချက်များ၊ မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ပတ်သက်၍ အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်၍ဆောင်ရွက် နေမှုတို့ကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်မင်း(ပြန်ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့၌ ကျင်းပသည့် (၁၀)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၉

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏အကြံပေးဖြစ်သူ ဖိုရမ်ကျင်းပရေးကော်မတီ အမှုဆောင်အတွင်းရေးမှူး Mr. Anton Kobyakov ၏ ဖိတ်ကြားမှုအရ စက်တင်ဘာ ၃ ရက်မှ ၆ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့၌ ကျင်းပသည့် (၁၀) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေး ဖိုရမ်သို့ တက်ရောက်ခဲ့သည်။



(၁၀) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌတို့ ပါဝင်တက်ရောက်သည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ အကြံပေး Mr. Anton Kobyakov အား တွေ့ဆုံ၍ **(အပေါ်ယံပုံ)** မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများ၊ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင်မြန်မာကိုယ်စားလှယ် အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ ဂုဏ်ထူးဆောင်ကောင်စစ်ဝန်နှင့် ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ ကြီးကြပ်ရေးဘုတ်အဖွဲ့ဝင် Mr. SHATIROV Sergey Vladimirovich ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များအပါအဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၊ ဘဏ္ဍာရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် ကျန်းမာရေး ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း စက်တင်ဘာ ၄ ရက်နံနက်ပိုင်းတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် Russia-ASEAN Business Dialogue အစီအစဉ်တွင် Panelist အနေဖြင့် တက်ရောက်၍ ရုရှား-အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရုရှား-အာဆီယံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မဟာဗျူဟာအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်မည့် နည်းလမ်းများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ၊ ဈေးကွက်များကို ချဉ်းကပ်ရမည့် ဘုံနည်းလမ်းများ၊ ရုရှားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ ဆွဲဆောင်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Valerievich KARA-OOL ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့ အကြား ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်သည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများ၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သယ်ယူပို့ဆောင်ရေး၊ ဘဏ္ဍာရေး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် ကျန်းမာရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**လေ့လာကြည့်ရှု**

ညနေပိုင်းတွင် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ရုရှား-အာဆီယံ စီးပွားရေး ကောင်စီဥက္ကဋ္ဌ Mr. Ivan Viktorovich Polyakov နှင့်တွေ့ဆုံ၍ ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ဆန်စပါး၊ ကော်ဖီ၊ သရက်သီးနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရေးအပါအဝင် ကုန်သွယ်မှု တိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ လျှပ်စစ်၊ စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအား ဆွေးနွေးကြပြီး ဖိုရမ်၌ ပြသထားသော ပြခန်းများအား လေ့လာကြည့်ရှုကြသည်။

စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ SYNERGY Corporation မှ International Recruitment Agency Director ဖြစ်သူ Ms. Lidia Filatova အား လက်ခံတွေ့ဆုံ၍ မြန်မာ-ရုရှားနှစ်နိုင်ငံအကြား အလုပ်သမားရေးရာ ကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ရေး ဆောင်ရွက်နေမှုများ၊ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လိုသူ နိုင်ငံသားများအတွက် အခွင့်အလမ်းများနှင့် လေ့ကျင့်သင်ကြားပေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တစ်ချိန်ထဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် က " Global South and East : who will lead the new growth economy" ခေါင်းစဉ်ဖြင့် ကျင်းပသော စားပွဲဝိုင်းဆွေးနွေးပွဲတွင် Speaker အဖြစ် တက်ရောက်ဆွေးနွေးခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ပါဝင် တက်ရောက်ကြသည်။

**အမြင်ချင်းဖလှယ်**

ဆက်လက်၍ မြန်မာကိုယ်စားလှယ် အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E. Mr. Maksim Reshetnikov ခေါင်းဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ ပဉ္စမအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ကော်မရှင်အစည်းအဝေး ဆုံးဖြတ်ချက်များအရ ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ မြန်မာ-ရုရှား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင်မြန်မာကိုယ်စားလှယ် အဖွဲ့သည် (၁၀) ကြိမ်မြောက် အရှေ့ဖျား စီးပွားရေးဖိုရမ်၏ ပင်မအခမ်းအနားဖြစ်သည့် မျက်နှာစုံညီအစည်းအဝေး (Main Forum - Plenary Session) သို့ ပါဝင် တက်ရောက်သည်။

အဆိုပါ အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်က မိန့်ခွန်းပြောကြားခဲ့ပြီး နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ပင်မဆွေးနွေးမှုများကို ဦးဆောင်ဆွေးနွေးသည်။ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr.Sonsan Siphandon ၊ မွန်ဂိုလီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Gombojavyn Zandanshatar နှင့် တရုတ်နိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Li Hong Zhong တို့က ဆွေးနွေးဖက်များအဖြစ် ပါဝင်ဆွေးနွေးကြသည်။

သမ္မတပူတင်က ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ရုရှားအရှေ့ဖျားနှင့် အာတိတ်ဒေသအား ဒုတိယအထူးဦးစားပေး စီးပွားရေးဒေသအဖြစ် သတ်မှတ်သွားရန်ရှိကြောင်း၊ အနာဂတ်တွင် အာရှနှင့်ဥရောပတို့အကြား မြောက်ဘက်ပင်လယ်ရေလမ်းကြောင်းမှာ များစွာအရေးကြီးလာမည်ဟု ရှုမြင်ထားကြောင်း၊ ယင်းအတွက် အာတိတ်ဒေသဖြတ်သန်း စကြံ့ထူထောင်မည်ဖြစ်ပြီး ဆိုက်ဘေးရီးယားဒေသမြစ်ကြောင်းများကို သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများအတွက် အသုံးပြုနိုင်မှု အလားအလာကောင်းများရှိကြောင်း၊ အရှေ့ဖျားဒေသတွင် ဒရုန်းယာဉ်များအသုံးပြုမှု ကျယ်ပြန့်လာစေရေးအတွက် စမ်းသပ်လုပ်ဆောင်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံ၏ စီးပွားရေးတုံ့ဆိုင်းခြင်းမရှိစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ လုံခြုံရေးအာမခံချက်အပေါ် ရုရှားနိုင်ငံအနေဖြင့် အလေးထားကြောင်း၊ အာမခံချက်ရရှိစေရန် နှစ်ဖက်စလုံးမှ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယူကရိန်းနိုင်ငံအတွင်းရှိ မည်သည့်နိုင်ငံ/တပ်ဖွဲ့ကိုမဆို ဥပဒေအရ တိုက်ခိုက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

မျက်နှာစုံညီ အစည်းအဝေးအပြီးတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E. Mr. Maksim Reshetnikov နှင့် GAZPROM ကုမ္ပဏီတို့မှ တာဝန်ရှိသူများအား တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ အလားအလာကောင်း၍ အာမခံချက်ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များတွင် ရှာဖွေတူးဖော်ထုတ်လုပ်ရေးနှင့် မြန်မာနိုင်ငံတွင် Feasibility Study ပြုလုပ်ထားပြီးဖြစ်သည့် ရေနက်ဆိပ်ကမ်းများနှင့် တည်ဆောက်ထားပြီးဖြစ်သည့် ပိုက်လိုင်းများကို အသုံးပြု၍ LNG Hub ကဲ့သို့သော Energy Trading ပြုလုပ်နိုင်မည့် အခွင့်အလမ်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးအတွက်အလားအလာကောင်းများရှိမှုနှင့် နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**ဆေးလက်တွေ့သင်ကြားနိုင်ရေး**

စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Valdivostok မြို့ရှိ Medical Center သို့ သွားရောက်ပြီး တာဝန်ရှိသူများနှင့်အတူ စက်ရုပ်အသုံးပြု၍ ခွဲစိတ်မှုများ (Robotic Surgery)၊ AI နည်းပညာအသုံးပြု၍ မှန်ပြောင်းကြည့် ခွဲစိတ်ကုသမှုများ (Endoscopic Surgery)၊ ကလေးကုသဆောင်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် ဦးခေါင်းဌာန၊ ပြန်လည်သန်စွမ်းရေး ဌာနများသို့ ကြည့်ရှုပြီး အဆိုပါဆေးရုံရှိ ဆေးကုသမှုအခြေအနေများ၊ နိုင်ငံတကာ ဆေးကျောင်းသားများ တက်ရောက်သင်ကြားပေးနေမှု အခြေအနေများ၊ မြန်မာနိုင်ငံမှ ပညာတော်သင်ကျောင်းသားများ စေလွှတ်ပြီး ဆေးလက်တွေ့ သင်ကြားနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။

အရှေ့ဖျားစီးပွားရေးဖိုရမ်ကို ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများအကြား ဆက်သွယ်မှု ထူထောင်ရေးနှင့် အာရှနှင့် ပစိဖိတ်ဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ပလက်ဖောင်းတစ်ခုဖြစ်စေရေး ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ယခုကျင်းပသည့် (၁၀) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၇၅ နိုင်ငံမှ အကြီးအကဲများ၊ အစိုးရအဖွဲ့များ၊ ကျွမ်းကျင်ပညာရှင်များ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၇၀၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ UNHCR က လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံနှင့် UNHCR အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ UNHCR ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာဗျူရိုရုံးမှ ညွှန်ကြားရေးမှူး Ms. Hai Kyung Jun ၊ UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Noriko Takagi နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် PJSC "Sberbank of Russia" ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ မစ္စတာ အီဗန်နိုဆော့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် PJSC "Sberbank of Russia" ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ မစ္စတာ အီဗန်နိုဆော့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ် (၄၆) ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် ရုရှား-မြန်မာ နှစ်နိုင်ငံ ဘဏ္ဍာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ငွေပေးချေမှုကိစ္စရပ်များ၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များအား Fintech နည်းပညာများဖြင့် အသုံးပြုဆောင်ရွက်ရာတွင် Cybersecurity ဆိုင်ရာကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

■


## ကူမင်းမြို့၌ ကျင်းပသော ကမ္ဘာလုံးဆိုင်ရာတောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်အခမ်းအနားသို့ တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၉

စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသော ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်သို့ တက်ရောက်ခဲ့ကြသည့် ဝန်ကြီးဌာနများ၊ ပြင်ပမီဒီယာနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့သည် ယမန်နေ့နှင့် ယနေ့တို့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ကိုယ်စားလှယ်အဖွဲ့တွင်ပါရှိသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အကအဖွဲ့များက ဖိုရမ်ဖွင့်ပွဲအခမ်းအနား၊ ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားတို့တွင် ဖျော်ဖြေတင်ဆက်ကပြခြင်း၊ ရုပ်သေးအကဖြင့် ဖျော်ဖြေခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့် ပြင်ပမီဒီယာအဖွဲ့များမှ ကိုယ်စားလှယ်များက မန္တလေးလျှောင်ကြီးတွင်ပထမဆုံးရောက်ရှိခဲ့သော ယူနန်ပြည်နယ်ကယ်ဆယ်ရေးအဖွဲ့အပါအဝင် တရုတ်ကယ်ဆယ်ရေးအဖွဲ့များ၏ ကူညီကယ်ဆယ်ရေး ပါဝင်ဆောင်ရွက်ခဲ့မှုနှင့် တရုတ်-မြန်မာ ချစ်ကြည်ရေး ပိုမိုခိုင်မြဲစေခဲ့မှုတို့နှင့် စပ်လျဉ်းသည့် စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခြင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ မြန်မာလက်မှုပညာ ထုတ်ကုန်များနှင့် မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝနှင့် ခရီးစဉ်ဒေသများ၊ လက်ဆောင်ပစ္စည်းအရောင်းပြခန်းများကို ဈေးရောင်းပွဲတော်တွင် ပါဝင်ခင်းကျင်းပြသခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## သံအမတ်ကြီး ဦးကျော်ကျော်မင်း အာရပ်စော်ဘွားများ ပြည်ထောင်စုသမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် စက်တင်ဘာ ၉

အာရပ်စော်ဘွားများ ပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်ကျော်မင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် အာရပ်စော်ဘွားများ ပြည်ထောင်စု အဘူဒါဘီမြို့ရှိ သမ္မတနန်းတော်၌ အာရပ်စော်ဘွားများ ပြည်ထောင်စု သမ္မတ ရှိတ် မိုဟာမက် ဘင် ဇာရိဒ် အယ်လ်နာရမ်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

■



## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အကြိုပြိုင်ပွဲများ ကျင်းပ

**မိုင်းစံ စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့တွင် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အကြို အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲကို မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်ပြိုင်ပွဲများကျင်းပရာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "ဆရာ့ဂုဏ်ရည်"၊ "မြတ်ဆရာ"၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် "ပညာပြည့်ဝနှလုံးလှ"၊ အလယ်တန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲတွင် "ထာဝရအလင်းရှင်" ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၆ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ဝန်ကြီးဌာနနှင့် UNDP-UNHCR တို့ သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာ (MoU ) လက်မှတ်ရေးထိုး ဆောင်ရွက်နေမှု၊ ယင်းလုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်းရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ နှောင့်ယှက်ဟန့်တားမှုကြောင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် နှောင့်နှေးကြန့်ကြာနေမှု၊ နယ်မြေဒေသ လုံခြုံရေးအခြေအနေအရ ဘူးသီးတောင်၊ မောင်တောဒေသ၌ တာဝန်ထမ်းဆောင်နေသည့် UNHCR ဝန်ထမ်းများအား စစ်တွေမြို့နှင့် ရန်ကုန်မြို့သို့ ရွှေ့ပြောင်းနေထိုင်ခွင့်ပြုခဲ့မှုနှင့် နယ်မြေ တည်ငြိမ်အေးချမ်းပါက သက်ဆိုင်ရာဒေသသို့ ပြန်လည်စေလွှတ်တာဝန်ထမ်းဆောင်မည့် အခြေအနေ၊ ဝန်ကြီးဌာနနှင့် UNDP-UNHCR ဆက်လက် လက်တွဲပူးပေါင်းပြီး ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန် ဦးမင်းဟိန်း၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကလောမြို့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၉

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကလောမြို့၏ ထင်ရှားသော ခရီးသွားဆွဲဆောင်ရာနေရာတစ်ခုဖြစ်သည့် နန်းသဲကျေးရွာရှိ Kalawe Glamping Adventure Tourism Site ဧရိယာအတွင်းရှိ စွန့်စားခရီးသွားလုပ်ငန်း၊ စခန်းချတည်းခိုနေထိုင်ခြင်းဆိုင်ရာခရီးသွားလုပ်ငန်း၊ အပန်းဖြေခရီးသွားလုပ်ငန်း၊ ကြိုးတန်းလျှောစီးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက လူငယ်ခရီးသွားလုပ်ငန်း (Youth Tourism)၊ တောင်တန်းဒေသခရီးသွားလုပ်ငန်း(Mountaineering Tourism)၊ အားကစားခရီးသွားလုပ်ငန်း (Sports Tourism)၊ တောတွင်းခရီးသွားလုပ်ငန်း (Jungle Tourism) တို့ကိုပါ တွဲဖက်ဖော်ဆောင်ရေး၊ ဈေးအန္တရာယ်ကင်းရှင်းရေးနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုလာရောက်လည်ပတ်ကြစေရန် ဈေးကွက်မြှင့်တင်ကြိုးစားကြရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဌာနပိုင်ငှားရမ်းထားသော Kalaw Heritage Hotel ၌ ခရီးသွားဧည့်သည်များအတွက် ဝန်ဆောင်မှုကောင်းများပေးစွမ်းနိုင်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကလောမြို့ကို ခရီးသွားမြို့တော်ဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)ရှိ နှစ်ထပ်စာသင်ကျောင်းဆောင်၌ ဆရာ ဆရာမများက Grade- 11 ကျောင်းသားကျောင်းသူများအား ဘာသာရပ်အလိုက် သင်ကြားပေးနေမှုနှင့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ ဘောလုံးအားကစားကွင်း၊ ဂျူဒိုအားကစားခန်းမ၊ တိုက်ကွမ်ဒိုအားကစားခန်းမ၊ ပင်မနှစ်ထပ်ဆောင်ရှိ ရုံးခန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်နိုင်ရန် ဖွင့်လှစ်ထားရှိသည့် ဆေးပေးခန်းနှင့် စက်ပစ္စည်းအခြေအနေ၊ ဆေးကုသရာတွင် ဆရာဝန်နှင့် သူနာပြုအင်အား လုံလောက်စွာထားရှိပေးနိုင်ရေးအတွက် တင်ပြဆောင်ရွက်သွားရန်နှင့် 50 kW Solar Hybrid System တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိရမည်းသင်းခရိုင် အားကစားကွင်း၌ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ ဂိုးတိုင်၊ ကော်နာတိုင်များ စနစ်တကျတပ်ဆင်ထားရှိမှု၊ ရေလုံလောက်မှုရှိစေရေးအတွက် ရေစင်တည်ဆောက်ထားရှိမှုနှင့် ရေလိုင်း၊ မီးလိုင်းများ စနစ်တကျ သွယ်တန်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တပ်ကုန်းမြို့နယ် အားကစားကွင်း၌ကျင်းပသည့် တပ်ကုန်းမြို့နယ် ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စံပြအလယ်တန်းကျောင်းခွဲအသင်းနှင့် MRTV အထက်တန်းကျောင်းအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၅၃) ကြိမ်မြောက် အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့ (အေစီယူ) ဒါရိုက်တာအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်



နေပြည်တော် စက်တင်ဘာ ၉

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌဒေါ်သန်းသန်းဆွေဦးဆောင်သည့်အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် အိမ်ရှင်နိုင်ငံဖြစ်သည့် အီရန်နိုင်ငံမှ အွန်လိုင်းဖြင့် ကျင်းပသည့် (၅၃)ကြိမ်မြောက် အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့(အေစီယူ) ဒါရိုက်တာအဖွဲ့အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။

အဆိုပါ အစည်းအဝေးတွင် အေစီယူအဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ အီရန်၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ မော်လဒိုက်နှင့် ဘယ်လာရုစ်နိုင်ငံများမှ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ Executive Director များနှင့် Observers များအဖြစ် ရုရှားနိုင်ငံဗဟိုဘဏ်နှင့် အာဖဂန်နစ္စတန်နိုင်ငံဗဟိုဘဏ်တို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများ၏ ဗဟိုဘဏ်ဥက္ကဋ္ဌများက ဂုဏ်ပြုပြောကြားသည့် အေစီယူနှစ်(၅၀)ပြည့် အထိမ်းအမှတ် Video Clip အား ပြသပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း အေစီယူ အဖွဲ့ဝင်နိုင်ငံများ၏ မေခရိုစီးပွားရေးဆိုင်ရာ ကိစ္စရပ်များ၊ အဖွဲ့ဝင်နိုင်ငံများ၏ငွေပေးချေမှုစနစ်များ တိုးတက်ဆောင်ရွက်နေမှုများ၊ အေစီယူအဖွဲ့ ပိုမိုအားကောင်း ခိုင်မာလာရေး၊ အေစီယူအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုတွင် အေစီယူ ဒေါ်လာ၊ အေစီယူ ယူရို၊ အေစီယူ ယန်းတို့အပြင် အိန္ဒိယရူပီးအပါအဝင် အဖွဲ့ဝင်နိုင်ငံများ၏ ငွေကြေးများအသုံးပြု၍ ငွေပေးချေမှုကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အေစီယူငွေပေးချေမှုဆိုင်ရာ လုပ်ငန်းစဉ်နှင့် စည်းမျဉ်းများတွင် ပြင်ဆင်ရေးကိစ္စရပ်များ၊ အေစီယူ ငွေပေးချေမှုဆိုင်ရာ သတင်းအချက်အလက် ပေးပို့သည့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ယင်းစနစ်တွင် အေစီယူငွေပေးချေမှုဆိုင်ရာ သတ်မှတ်ခွင့်ပြုထားသည့်ဘဏ် (ACU Designated Bank) များ ပါဝင်ချိတ်ဆက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ အေစီယူအဖွဲ့ဝင်နိုင်ငံများအကြား ငွေပေးချေမှုစနစ်အချင်းချင်း ချိတ်ဆက်ပေါင်းစည်းရေးဆိုင်ရာကိစ္စရပ်များ၊ အေစီယူဗဟိုဘဏ် ဒစ်ဂျစ်တယ်ငွေကြေးအကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ၊ ငွေပေးချေမှုဆိုင်ရာဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ အေစီယူအဖွဲ့ဝင်ဗဟိုဘဏ်များ၏ အရာထမ်းများအား စွမ်းရည်မြှင့်တင်ရေးသင်တန်းများ ဆောင်ရွက်ပေးရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်





**မန္တလေး စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီ၊ ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်ပညာရှင်များ၊ ပြိုင်ပွဲဝင်ခရိုင်နှင့် တက္ကသိုလ်များမှ ပြိုင်ပွဲဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဦးတည်ချက်များ၊ ရည်ရွယ်ချက်များဖြင့် ဝါသနာရှင် မျိုးဆက်သစ်လူငယ်များ၏ ကြိုးပမ်းအားထုတ်မှုများကို အလေးအနက်ထားကာ အစဉ်အလာမပျက် ကျင်းပလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသားတို့၏ အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ထင်ဟပ်ဖော်ပြနေသည့် ပြိုင်ပွဲတစ်ရပ်လည်း ဖြစ်ပါကြောင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာများကို ဖွံ့ဖြိုးတိုးတက်စေရုံသာမက အစဉ်ထာဝရ မြင့်မားနေစေရန်၊ ရိုးရာဓလေ့ထုံးစံအမွေအနှစ်များ လက်ဆင့်ကမ်းထိန်းသိမ်းနိုင်သည့် မျိုးဆက်သစ် လူငယ်များ ပေါ်ထွန်းလာစေရန်၊ မြန်မာ့ဂုဏ်ရည်များ အစဉ်ထာဝရ ရှင်သန်ထက်မြက်နေစေရန်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို လေးစားမြတ်နိုး ထိန်းသိမ်းလိုသည့်စိတ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် ဗဟိုအဆင့်ပြိုင်ပွဲအတွက်





အရည်အချင်းပြည့်ဝသူ အနုပညာရှင်များကို တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများတွင် သမာသမတ်ကျစွာဖြင့် ရွေးချယ်ပေးသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ဆို၊ က၊ ရေး၊ တီး ဂုဏ်ပြုတေးဖြင့် ဖျော်ဖြေတင်ဆက်မှုများ၊ ပဥ္စဂီတယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်မှုများ၊ အိုးစည်အဖွဲ့လိုက် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်းနှင့် အခမ်းအနားဒုတိယပိုင်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ရာ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယိမ်းအကအဖွဲ့များမှ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲ ကျင်းပ

**အောင်လံ စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်များအား ဗလငါးတန်နှင့် ပြည့်စုံပြီး နိုင်ငံတော်အတွက် အားထားရမည့် နိုင်ငံ့သားကောင်းရတနာများဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲကို ယမန်နေ့က အောင်လံမြို့၊ လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ ကျင်းပခဲ့သည်။



ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးမျိုးသိန်းက လူကုန်ကူးမှု တားဆီးကာကွယ်ရေး အကြောင်း ပြောကြားခဲ့ပြီး၊ တက်ရောက်လာသည့် လူငယ်များက လူကုန်ကူးမှုတားဆီးကာကွယ်ရေး မှတ်တမ်းဓာတ်ပုံများ၊ စာအုပ်၊ စာစောင်များ ခင်းကျင်းပြသထားမှုကို စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**အာကာ(ပြန်/ဆက်)**

၀-၀-၀-၀-၀

## ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းမြေပဲ စိုက်ပျိုးရန် ထွန်ယက်ပြင်ဆင်

**ကျွန်းလှ စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဒေသတွင်း စားသုံးဆီဖူလုံရန်အတွက် ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြရန် ယခုအခါ ဆောင်းမြေပဲစိုက်ပျိုးရန် ထွန်ယက်ပြင်ဆင်နေကြသည်။

"ကျွန်တော် ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲကို မိုးရာသီနဲ့ ဆောင်းရာသီမှာ စိုက်ပျိုးပါတယ်။ ဒီနှစ် မိုးရာသီမှာ မိုးမြေပဲ ငါးဧက စိုက်ပျိုးခဲ့ပြီး သီးနှံအထွက်ကောင်းခဲ့ပါတယ်။ ထွက်ရှိတဲ့ သီးနှံကို ဆောင်းမြေပဲ အတွက် မျိုးချန်ပြီး ဆီကြိတ်ခွဲရောင်းချရာ အကျိုးအမြတ်ရရှိခဲ့ပါတယ်။ ယခုအခါ ဆောင်း မြေပဲစိုက်ပျိုးဖို့ ထွန်ယက်ပြင်ဆင်နေပါတယ်"ဟု ရှမ်းစုကျေးရွာ တောင်သူ ဦးအေးလွင်က ပြောသည်။

ကျွန်းလှမြို့နယ်တွင် ယခင်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစိုက်ပျိုးမှုအဖြစ် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ မုန်ညင်းစေ့ စုစုပေါင်း ၃၅၂၇၂ ဧက စိုက်ပျိုးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

၀-၀-၀-၀

ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။

# ကမ္ဘောဒီးယားနိုင်ငံ၌ တက်ချိုအပြည်ပြည်ဆိုင်ရာလေဆိပ် ဖွင့်လှစ်



ဖနောင်ပင် စက်တင်ဘာ ၉

ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ဖနွမ်းပင်တွင် တက်ချိုအပြည်ပြည်ဆိုင်ရာလေဆိပ်ကို စက်တင်ဘာ ၉ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ ၎င်းလေဆိပ်သည် ကမ္ဘောဒီးယားနိုင်ငံတွင် အကြီးဆုံးလေဆိပ် ဖြစ်လာခဲ့သည်။

အဲကမ္ဘောဒီးယားလေကြောင်းလိုင်းမှ ပြေးဆွဲသည့်လေယာဉ်သည် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် မြို့တော်ကွမ်ကျိုးမှ ပျံသန်းလာပြီး စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ၎င်းလေဆိပ်သို့ ဆင်းသက်ခဲ့ရာ လေယာဉ်အား ရေပက်ဖျန်းဂုဏ်ပြုခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ မြို့ပြလေကြောင်းဝန်ကြီး မာအိုဟာဗန်နယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီး ဟွတ်ဟက်တို့က ကြိုဆိုခဲ့ကြသည်။

တက်ချိုအပြည်ပြည်ဆိုင်ရာ လေဆိပ်ကို တရားဝင်ဖွင့်လှစ်ခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ကမ္ဘာ့နိုင်ငံများနှင့် ဆက်သွယ်မှုကို ကျယ်ပြန့်စေမည်ဟု လူမှုမီဒီယာပလက်ဖောင်းပေါ်တွင် ဝန်ကြီးချုပ် ဟွန်မာနက်က ပြောကြားခဲ့သည်။

"လေကြောင်းကဏ္ဍသည် နိုင်ငံတကာမှ ခရီးသွားများ၊ လုပ်ငန်းများကို ဆက်သွယ်နိုင်သည့် နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်"ဟု ၎င်းက မှတ်ချက်ပြုပြောကြားသည်။

လေကြောင်းကဏ္ဍသည် နိုင်ငံဝင်ငွေရှာဖွေပေးနေသည့် အရင်းအမြစ်တစ်ခုဖြစ်ကာ နိုင်ငံအတွင်းရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များကို အဆင့်မြှင့်တင်ခြင်းဖြင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားများ အများအပြားလာရောက်စေရေး ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယခုကဲ့သို့ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဖွင့်လှစ်ခြင်းသည် ကမ္ဘောဒီးယား အရပ်ဘက်လေကြောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်သည်ဟု ဟာဗန်နယ်က ပြောကြားသည်။

တက်ချိုအပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ပြေးလမ်းနှစ်ခုပါရှိသော အပြည်ပြည်ဆိုင်ရာ လေဆိပ်ဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး လေယာဉ်အမျိုးအစားများဖြစ်သည့် Airbus A380 နှင့် Boeing 747 တို့ ဆင်းသက်နိုင်သည့် အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခုဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ

## INTERNATIONAL NEWS

## နိုင်ငံတကာသတင်းများ

### အိုင်ဖုန်းအသစ် စတင်မိတ်ဆက်မည့် အက်ပဲလ်၏ အကြီးမားဆုံးစိန်ခေါ်မှုမှာ ပြိုင်ဘက်စမတ်ဖုန်းများ၏ ဉာဏ်ရည်တုစနစ်ကို ယှဉ်ပြိုင်နိုင်ရေးပင်ဖြစ်

ဝါရှင်တန် စက်တင်ဘာ ၉

အမေရိကန်အခြေစိုက်အက်ပဲလ်ကုမ္ပဏီက စက်တင်ဘာ ၉ ရက်တွင် အိုင်ဖုန်းအသစ်များကို မိတ်ဆက်ပြသရောင်းချမည်ဖြစ်သော်လည်း ထိုသို့မိတ်ဆက်ရာတွင် အကြီးမားဆုံးစိန်ခေါ်မှုမှာ ပြိုင်ဘက်စမတ်ဖုန်းများ၏ ဉာဏ်ရည်တုစနစ်ကို ယှဉ်ပြိုင်နိုင်ရေးပင်ဖြစ်ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

၂၀၂၅ ခုနှစ်တွင် အကြီးမားဆုံး ဆွဲဆောင်မှုတစ်ခုမှာ "အိုင်ဖုန်း အဲ" ကောလာဟလများ ပင်ဖြစ်နိုင်သည်။ ယင်းဖုန်းသည် ယခင်က Apple ရောင်းချခဲ့ဖူးသည့် ဖုန်းများထက် ပိုမိုပါးလွှာပြီး ကုမ္ပဏီ၏ ပါးလွှာသည့် မက်ဘွတ်ခ်အဲလက်တော့ပ်၏ အမည်ကို အစွဲပြုခေါ်ဆိုခြင်းဖြစ်သည်။

အက်ပဲလ်ကုမ္ပဏီအနေဖြင့် ဘက်ထရီနှင့် ကင်မရာများကို ပါးလွှာသည့် ကိုရိယာအတွင်းသို့ မည်သို့ ထည့်သွင်းရမည်ဆိုသော ကိစ္စနှင့်ပတ်သက်၍ အသေးစိတ်ဆုံးဖြတ်ရန် လိုအပ်ကြောင်းနှင့် ဖောက်သည်အများအပြားကို ဆွဲဆောင်နိုင်ရန် အခြေခံ အိုင်ဖုန်း ၁၇ မော်ဒယ်များနှင့် ပိုမိုဈေးကြီးသော ပရိမော်ဒယ်များအကြားတွင် ဈေးနှုန်းကို ချိန်ညှိရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း ခွဲခြမ်းစိတ်ဖြာသူများက ထောက်ပြခဲ့သည်။

ယင်းကဲ့သို့ ပါးလွှာပြီး ခေတ်မီနည်းပညာများ ပါဝင်သည့် အိုင်ဖုန်းအသစ်ကို အောင်မြင်စွာ မိတ်ဆက်နိုင်ရန် အက်ပဲလ်အနေဖြင့် အရေးကြီးသည့် စိန်ခေါ်မှုများကို ကျော်လွှားရမည်ဖြစ်ကြောင်း သိရသည်။ Mon






### ဂျပန် ဈေးကွက်၌ နစ်ကေး ရှယ်ယာပျမ်းမျှ ၄၄၀၀၀ ကျော်အထိ မြင့်တက် အကျိုးဆက်အဖြစ် ဂျပန်ရှယ်ယာဈေးကွက် ဆက်လက်တိုးတက်မှုရှိလာနိုင်

တိုကျို စက်တင်ဘာ ၉

ဂျပန်နိုင်ငံ၏ နစ်ကေး ရှယ်ယာပျမ်းမျှသည် စက်တင်ဘာ ၉ ရက်က ၄၄၀၀၀ အမှတ်ထက်ကို ပထမဆုံးအကြိမ် ကျော်လွန်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ကုန်သွယ်ရေးနှင့် ပတ်သက်သည့် အကောင်းမြင်စိတ်များနှင့် လွှဲဆော်မှုဆိုင်ရာ ကုန်ကျစရိတ်များ မြင့်တက်လာနိုင်ချေအပေါ် မျှော်လင့်ချက်များ ဈေးကွက်အတွင်း ပျံ့နှံ့လျက်ရှိသည်။

နစ်ကေး ၂၂၅ အညွှန်းကိန်းသည် နံနက်ပိုင်း ကုန်သွယ်ရေးတွင် ၀ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ၄၄၀၁၈ ဒသမ ၇၈ အမှတ်သို့ ရောက်ရှိကာ စံချိန်တင် အမြင့်ဆုံးအဖြစ် ရပ်တည်ခဲ့သည်။ ကျယ်ပြန့်သော တိုပစ်အညွှန်းကိန်းကမူ ၀ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

အမေရိကန်နိုင်ငံ၏ ဂျပန်မော်တော်ကားများအပေါ် ကောက်ခံသည့် အကောက်ခွန်များကို စက်တင်ဘာ ၁၆ ရက်တွင် လျှော့ချမည်ဖြစ်ကြောင်း ဂျပန်အကောက်ခွန် ညှိနှိုင်းရေးမှူးက အိတ်ခ်ဇ်လူမှုကွန်ရက် ပို့စ်တစ်ခုတွင် ထုတ်ပြန်ခဲ့သည်။

ငွေကြေးဆိုင်ရာ တင်းကြပ်သော မူဝါဒကို ထောက်ခံသူ ဝန်ကြီးချုပ် ရှိဂေးရုအိရှိဘ နုတ်ထွက်ကြောင်း ကြေညာပြီးနောက်ပိုင်းတွင် ရှယ်ယာဈေးနှုန်းများသည် ဆက်လက်၍ ခိုင်မာစွာ မြင့်တက်လာခြင်းဖြစ်သည်။

အစိုးရ၏ လှုံ့ဆော်မှုနှင့် ငွေကြေး ထုတ်ပေးရေးမူဝါဒကို ထောက်ခံသူဖြစ်သူ ဆနအဲတကိုက်ချိက ဒီမိုကရက်တစ်ပါတီ၏ ခေါင်းဆောင်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့သည်။

ယင်းအခြေအနေများ၏ နောက်ဆက်တွဲအကျိုးဆက်အဖြစ် ဂျပန်ရှယ်ယာဈေးကွက် ဆက်လက်တိုးတက်မှု ရှိလာနိုင်ကြောင်း သိရသည်။

Mon

### မက္ကဆီကိုနိုင်ငံတွင် မီးရထားနှင့်ဘတ်စ်ကား တိုက်မှုဖြစ်ပွား လူ ၁၀ ဦးထက်မနည်းသေဆုံး၊ ၆၁ ဦး ထက်မနည်း ဒဏ်ရာရ

မက္ကဆီကို စက်တင်ဘာ ၉

မက္ကဆီကိုနိုင်ငံတွင် ယမန်နေ့က ကုန်တင်ရထားတစ်စီးက ခရီးသည်တင် နှစ်ထပ်ဘတ်စ်ကားကို ဝင်တိုက်မိခဲ့ရာ လူပေါင်း ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ထုတ်ပြန်ထားပြီး ယင်းအကြောင်းကို စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ထိုယာဉ်တိုက်မှုသည် မက္ကဆီကိုစီးတီး၏ အနောက်မြောက်ဘက် ၇၁ မိုင်ခန့်အကွာရှိ အတ်တလာကိုမူလ်ကိုမြို့နှင့် မီချိုအာကန်ပြည်နယ်ရှိ မာရာဗာတီယိုမြို့အကြား လမ်းပိုင်းရှိ စက်မှုဇုန်တစ်ခုတွင် ဖြစ်ပွားခဲ့သည်။

မီးရထားတိုက်မှုဖြစ်ပွားရာ နေရာမှ ရိုက်ကူးထားသည့် ဓာတ်ပုံများတွင် ဘတ်စ်ကား၏ အပေါ်ထပ် အပိုင်းအစများ ပြိုကျပျက်စီးနေသည်ကိုလည်းကောင်း၊ သံပေါင်များ ပြင်းထန်စွာ ပျက်စီးနေသည်ကိုလည်းကောင်း တွေ့မြင်ရသည်။ အရေးပေါ်ကယ်ဆယ်ရေးသမားများလည်း ဖြစ်စဉ်နေရာသို့ ရောက်ရှိခဲ့ပြီး ဒေသကို ပိတ်ဆို့ထားသည်။

အဆိုပါ ဖြစ်စဉ်တွင် အခြား ၆၁ ဦး ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ သေဆုံးသူ ခုနစ်ဦးမှာ အမျိုးသမီးများဖြစ်ပြီး သုံးဦးမှာ အမျိုးသားများဖြစ်ကြောင်း မက္ကဆီကိုပြည်နယ်၏ ရှေ့နေချုပ်ရုံးက အတည်ပြုသည်။

ဆက်လက်၍ ယင်းဖြစ်စဉ်နှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀



## ဂျပန်နိုင်ငံရှိ ရေတိမ်ဒေသတွင် ဆိုလာလျှပ်စစ်ဓာတ်အားပေးစီမံကိန်းဆောင်ရွက်ရေး လုပ်ငန်းမူဘောင်ရေးဆွဲမည်

တိုကျို စက်တင်ဘာ ၉

ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးစီရင်စုအနီးရှိ ရေတိမ်ဒေသတွင် ဆိုလာလျှပ်စစ်ဓာတ်အားပေးစီမံကိန်းများ ဆောင်ရွက်မည့် အစီအစဉ်နှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ရှိ၊ မရှိ ဆန်းစစ်ခြင်းလုပ်ငန်းများကို ဂျပန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ဆောင်ရွက်နေကြောင်း သိရသည်။

၎င်းဝန်ကြီးဌာနအနေဖြင့် ဆိုလာလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းများကို အထက်ပါဒေသတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိဘဲ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းမူဘောင်တစ်ရပ်ကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

၎င်းစီမံကိန်းများ ဆောင်ရွက်ပါက ရေတိမ်ဒေသဖြစ်သည့် ဟော့ကိုင်းဒိုးစီရင်စု ကူရှီရိုမတ်အမျိုးသားဥယျာဉ်မှ အမောက်နီကြိုးကြာများအပါအဝင် တောရိုင်းတိရစ္ဆာန်များအပေါ် ထိခိုက်မှုများရှိလာနိုင်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါစီမံကိန်းများကြောင့် ဖြစ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို ဆန်းစစ်ရေးအတွက် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန တာဝန်ရှိသူများအား ၎င်းဒေသသို့ စေလွှတ်ခဲ့သည်။

ဆိုလာလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများ ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ဒေသခံများ၏အမြင်ကို အလေးအနက်ထား၍ ဆောင်ရွက်မည်ဖြစ်ကာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ဂရုပြုဆောင်ရွက်မည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ

ဘာသာပြန်-စိုးသူရ

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)အရ ပြစ်ဒဏ်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်၌ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ လုပ်ဆောင်ခဲ့သူ တစ်ဦးကို ပြစ်မှုထင်ရှားသဖြင့် တောင်ကြီးမြို့နယ် တရားရုံးက အလုပ်နှင့် ထောင်ဒဏ် ၇ နှစ်တိတိ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။



နေသွေး

ဖြစ်စဉ်မှာ ဩဂုတ် ၂၅ ရက်တွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက်(၁)နေ နေသွေး (၃၆)နှစ် (ဘ) ဦးအောင်ခင်သည် ၎င်း အသုံးပြုသည့် "Lashio Baegyi" Facebook Account လူမှုကွန်ရက်စာမျက်နှာပေါ်တွင် "မဲပေးဖို့ချည်း ဇွတ်ပြောပြီး မင်းတို့က ဘာကောင်တွေလဲ၊ သေချာကြည့် ပြည်သူဆီက မဲလိုချင်ရင် ပြည်သူကို ဘယ်လို အကျိုးပြုရမလဲစဉ်းစား၊ အလကားနေ ဘာမှမရှိဘဲ ပြည်သူဆီကပဲ လိုချင်ရင်တော့" စသည့် စာသားများကို ဖြန့်ဝေကာ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ပျက်ပြားစေရန် ရည်ရွယ်၍ ပြုလုပ်နေကြောင်း စစ်ဆေး တွေ့ရှိရသဖြင့် တောင်ကြီးမြို့နယ် အေးသာယာ နယ်မြေရဲစခန်း (ပ)၉၉/ ၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)ဖြင့် အမှုရေးဖွင့် စစ်ဆေး၍ တောင်ကြီးမြို့နယ် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၂၇၁၄/၂၀၂၅ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး စက်တင်ဘာ ၉ ရက်တွင် ပြစ်မှုထင်ရှားသဖြင့် တရားခံနေသွေးကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က) အရ အလုပ်နှင့် ထောင်ဒဏ် ၇ နှစ်တိတိကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပလတ်စတစ်သုံးစွဲမှုလျှော့ချနိုင်ရေး အသိပညာပေးဟောပြော၊ စာအုပ်စာစောင်ပြသ

**ကွန်ဟိန်း စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၊ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း၌ ပလတ်စတစ်သုံးစွဲမှု လျှော့ချနိုင်ရေး အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်သဲမာက ပလတ်စတစ်ညစ်ညမ်းမှု၏ နောက်ဆက်တွဲဆိုးကျိုးများ၊ ပလတ်စတစ်အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် အဏ္ဏဝါပတ်ဝန်းကျင်ထိခိုက်မှုများကို ကျောင်းသား၊ ကျောင်းသူများသိရှိပြီး အမှိုက်များ စနစ်တကျစွန့်ပစ်ခြင်းဖြင့် သန့်ရှင်းသာယာလှပသော ပတ်ဝန်းကျင်၊ ကောင်းမွန်သော ဂေဟစနစ်ကို ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် ပလတ်စတစ်သုံးစွဲမှု လျှော့ချနိုင်ရေးနည်းလမ်းစဉ် (၅)ရပ်အကြောင်း အသိပညာပေးဟောပြောခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် စာအုပ်စာစောင်ပြသခြင်း၊ စာအုပ်များငှားရမ်းပေးခြင်း၊ ဖတ်ရှုစေခြင်းများ ဆောင်ရွက်ပေးပြီး ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင်ကျောက်စိမ်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၉**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်း-မင်းကွန်းကားလမ်းမအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်




ကျောက်စိမ်းအရိုင်းတုံးများနှင့် ကျောက်စိမ်းဖြတ်စများ ၂၄၂ ဒသမ ၃၆ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့ စေခမ်းရပ်ကွက်ရှိ ခြံဝင်းတစ်ခုနှင့် ဝမ်လုံရပ်ကွက်ရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုးကိုလည်းကောင်း၊ သိမ်းဆည်းရမိခဲ့ပြီးဖြစ်သည့် ရှာင်ခရိုင်မြို့ကြီးအနီး၌ ယာဉ်ခုနစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းအမျိုး ၁၀၀၊ လုပ်ငန်းသုံးပစ္စည်း ၃၄ မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Diamon TC -003 Truck တစ်စီး၊ Dong Feng Tractor Head သုံးစီး၊ Howo Sino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်လေးတွဲကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ **(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူ

**စစ်ကိုင်း စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်နှင့် မွန်ပြည်နယ်၊ သထုံမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် စစ်ကိုင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၁၀၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ အင်းရွာကျေးရွာနေ အောင်ကျော်ထွန်း(၆၃)နှစ်ဆိုသူမောင်းနှင်လာသည့် TO-YOTA HILUX အမျိုးအစား အပြာရောင်မော်တော်ယာဉ်အားလည်းကောင်း၊ အလားတူ ည ၇ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သုဓမ္မဝတီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ တပ်မတော်စံပြရပ်ကွက်နေ လွင်မိုးကျော်(၃၁)နှစ်ဆိုသူ မောင်းနှင်လာသည့် HONDA INSIGHT အဖြူရောင်မော်တော်ယာဉ်အားလည်းကောင်း ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်များနှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အောင်ကျော်ထွန်းနှင့်လွင်မိုးကျော်ဆိုသူတို့နှစ်ဦးအား သက်ဆိုင်ရာရဲစခန်းအသီးသီး၌ ပို့ကုန်သွင်းကုန်ဥပဒေဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## မြဝတီမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ဓာတုကလျာလမ်းရှိ ဆိုင်ခန်းမီးလောင်

**မြဝတီ စက်တင်ဘာ ၉**

စက်တင်ဘာ ၅ ရက် နံနက် ၈ နာရီ ၂၅ မိနစ်ခန့်က ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ဓာတုကလျာလမ်းရှိ ပိုင်ရှင် ဒေါ်စိုးစိုးကြည်ဆိုသူ၏ ၁၅×၆၀ ပေ၊ သွပ်မိုး၊ အုတ်ညှပ်နှစ်ထပ်(ဆန်ပြုတ်နှင့်ခေါက်ဆွဲကြော်)ဆိုင်ခန်းအောက်ထပ်နောက်ဖေးမီးဖိုဆောင်တွင် ဆန်ပြုတ်အိုးတည်ရန် ဂက်(စ်)အိုးအသုံးပြု၍ မီးညှိရာမှ မီးတောက်များပြီး အနီးရှိ ပျဉ်ခင်း၊ နံရံ၊ မျက်နှာကြက်များအား မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မြဝတီခရိုင်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်ခြောက်စီးဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၈ နာရီ ၅၀ မိနစ်တွင် မီးငြိမ်းခဲ့သည်။ (ဝဲပုံ)



အဆိုပါမီးလောင်မှုကြောင့် ၁၅× ၆၀ ပေ၊ သွပ်မိုး၊ အုတ်ညှပ်နှစ်ထပ်ဆိုင်ခန်း၏ ပျဉ်ခင်း၊ နံရံ၊ မျက်နှာကြက်များ မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် အမျိုးသားတစ်ဦး မီးဟပ်ဒဏ်ရာ(စိုးရိမ်ရ)၊ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး မီးဟပ်ဒဏ်ရာ(မစိုးရိမ်ရ)တို့အား မြဝတီမြို့နယ် ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ပြီး မီးပေါ်ဆစွာသုံးစွဲသူ ဦးဆောင်းကိုကိုဆိုသူအား မြဝတီမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း လမ်းမကြီးများ သန့်ရှင်းသပ်ရပ်ရေးနှင့် နိုင်လွန်ကတ္တရာလမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မန္တလေး စက်တင်ဘာ ၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်ကြီးတံခွန်မြို့နယ် ၁၃၉ လမ်းမှ အမရပူရမြို့နယ်(မြစ်ငယ်-ထုံးဘို)ဖြတ်လမ်းအထိ (ရန်-မန်း) လမ်းမကြီး လမ်းပိုင်းတစ်လျှောက် အဓိက လမ်းမကြီးများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် လမ်းများအား အပတ်စဉ်ရေဆေးသန့်ရှင်းခြင်းလုပ်ငန်းစီမံချက်အရ ရေကား ရှစ်စီး၊ သန့်ရှင်းရေးဌာန လုပ်သား ၂၀ ဦးတို့ဖြင့် ရေဆေးသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့တော်ဝန်နှင့်အဖွဲ့သည် လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးကာ မြို့အဝင် အဓိကလမ်းမကြီးတစ်ခုဖြစ်သည့် (ရန်-မန်း)လမ်းမကြီး လမ်းပိုင်းတစ်လျှောက်တွင် လမ်းလယ်ကျွန်း ဝဲ၊ ယာ၌ သဲ၊ ဖုန် ကင်းစင်ရန်နှင့် သစ်ပင်ငယ်များ မရှိအောင် သန့်ရှင်းနေစေရန်၊ ယာဉ်ကြောပြအမှတ်အသားများ၊ လမ်းဘေးဝဲ၊ ယာ ယာဉ်စည်းကမ်းလိုက်နာရေး(ဖြူ၊ နီကြား)၊ (ဝါ၊ နက်ကြား)ဆေးလိုင်းများ ထင်ရှားပေါ်လွင်လာစေရန်တို့အတွက် ရေဆေးသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်းနှင့် အပတ်စဉ် ရေဆေးသန့်ရှင်းရေးလုပ်ငန်းများကို ယာဉ်သွားလာမှုနှင့် လမ်းအသုံးပြုမှုအလွန်များပြားသည့် မြို့ပေါ်အဓိက လမ်းမကြီးများကို အဓိက ဦးစားပေးဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ဆောင်ရွက်ရာ၌ လမ်းပိတ်ဆို့မှုများ မဖြစ်စေရေးအတွက် လမ်းလွှဲများ စနစ်တကျလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာ တို့အား မှာကြားခဲ့သည်။

ထိုမှ တစ်ဆင့် မြို့တော်ဝန်နှင့် အဖွဲ့သည် (မြစ်ငယ်-ထုံးဘို) ဖြတ်လမ်းအနီး (ရန်-မန်း)လမ်းမကြီးပေါ်ရှိ မန္တလေးမြို့အဝင် (မြစ်ငယ်တိုးဂိတ်)အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် လမ်းပိုင်း ဝဲ၊ ယာ တိုးချဲ့ပြုပြင်မှုလုပ်ငန်းခွင်သို့ ရောက်ရှိ စစ်ဆေးရာ လမ်းတံတားဌာန ဌာနမှူးက (မြစ်ငယ် တိုးဂိတ်)၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်း တစ်လျှောက်မြို့တော်စည်ပင် နယ်နိမိတ်အစဖြစ်သည့် (ရန်-မန်း) လမ်းမကြီး(၃၉၂မိုင် ၄ ဖာလုံ)မှ (မြစ်ငယ်-ထုံးဘို)ဖြတ်လမ်း၊ လမ်းဆုံအထိ အရှေ့ဘက်ခြမ်း၌ ၁၂ ပေ အကျယ် တစ်လမ်းသွားလမ်း၊ အနောက်ဘက်ခြမ်း၌ စက်ဘီး၊ ဆိုင်ကယ်လမ်းအပါအဝင် လေးလမ်းသွားလမ်းပြုလုပ်ရန်အတွက် တိုးချဲ့ဖောက်လုပ်ပြီး လမ်းပိုင်းအား စက်ယန္တရားများနှင့် လုပ်သားအင်အားအသုံးပြုကာ နိုင်လွန်ကတ္တရာလမ်းခင်းလုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လမ်းတိုးချဲ့ခြင်းလုပ်ငန်းနှင့် တိုးဂိတ် ဝဲ၊ ယာချဲ့သည့် လုပ်ငန်းအား အောက်တိုဘာလလယ် ပြီးစီးအောင် ဆောင်ရွက်ရန် တာဝန်ခံအင်ဂျင်နီယာအား မှာကြားခဲ့သည်။



ထို့အပြင် မန္တလေးမြို့အဝင် တိုးဂိတ်ဖြစ်သည့်အတွက် ယခုအခါ အမြန်လမ်းမကြီးဘက်ခြမ်းမှ ဝင်ရောက်လာသည့် ယာဉ်ငယ်များ၊ မူလလမ်းဟောင်းအသုံးပြု ကုန်တင်ယာဉ်ကြီးများနှင့် ခရီးသည်တင်ယာဉ်များ ပေါင်းစပ်ဝင်ရောက်နေမှုတို့ကြောင့် ယခုမြစ်ငယ်တိုးဂိတ်အား တစ်ဖက်မူလအရှေ့ဘက်ခြမ်း၌ (၅)လမ်းသွား၊ အနောက်ဘက်ခြမ်း၌ (၃)လမ်းသွားဖြစ်နေခြင်းကို အနောက်ဘက်ခြမ်းတွင် (၄)လမ်းသွားနှင့် စက်ဘီး၊ ဆိုင်ကယ်များအတွက် သီးခြားလမ်းတစ်လမ်းစီတိုးချဲ့တည်ဆောက်ရန်အတွက် အမြန်ဆုံးပြန်လည်ပြုပြင်မှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခု မြစ်ငယ်တိုးဂိတ်အား မန္တလေးမြို့အဝင် ရန်ကုန်ဘက်ခြမ်း၌ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း လမ်းပိုင်းများတိုးချဲ့ပြီးစီးပါက လက်ရှိယာဉ်ကြောများ ဂိတ်အဝင်၌ ကျပ်တည်းမှုများဖြစ်ပေါ်နေခြင်းကို ယာဉ်ကြောများ ရှင်းလင်းနိုင်မည်ဖြစ်ပြီး အမြန်ဆုံးပြီးစီးရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





# စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပုသိမ်ကြီး) ကျောင်းဆင်းနှုတ်ဆက်ပွဲ အခမ်းအနား ကျင်းပ

**ပုသိမ်ကြီး စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပုသိမ်ကြီး)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူများ ကျောင်းဆင်းနှုတ်ဆက်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီက အဆိုကျောင်းခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မှ တာဝန်ရှိသူများ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ကျောင်းဆင်းပွဲတွင် တာဝန်ရှိသူများက ကျောင်းဆင်းနှုတ်ဆက် အမှာစကားအသီးသီး ပြောကြားပြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပုသိမ်ကြီး၊ လုံပီး၊ ရွှေဘို)တို့မှ ဆရာ၊ ဆရာမများကိုယ်စား ဆရာတစ်ဦးက နှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် ကျောင်းသား၊ ကျောင်းသူများက ကျေးဇူးတင်စကား အသီးသီးပြောကြားကြပြီး၊ ကျောင်းတွင်း အားကစားပြိုင်ပွဲများ၊ အခြားထူးချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ဆက်လက်၍(ပုသိမ်ကြီး၊ လုံပီး၊ ရွှေဘို)တို့မှ တတိယနှစ် ကျောင်းသား၊ ကျောင်းသူ ၂၂၈ ဦးအား ကျောင်းဆင်းနှုတ်ဆက်ပွဲပြုလုပ်ကာ၊ ကျောင်းသား၊ ကျောင်းသူများက ဖျော်ဖြေရေး အစီအစဉ်များဖြင့် ကပြခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၉၅)**





**၉ · ၉ · ၂၀၂၅ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၆၀၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ




## စပိန်လာလီဂါမှ ပေးအပ်သည့် ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံးနည်းပြဆုကို ဇာဘီအလွန်ဆိုဆွတ်ခူး



**မက်ဒရစ် စက်တင်ဘာ ၉**

စပိန်လာလီဂါမှ လစဉ် လတိုင်းပေးအပ်ချီးမြှင့်လျက်ရှိသည့် တစ်လတာအကောင်းဆုံး နည်းပြဆုကို ရီးရဲလ်မက်ဒရစ်အသင်း နည်းပြ ဇာဘီအလွန်ဆိုက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ နည်းပြသည် ဩဂုတ်လအတွင်းက ရီးရဲလ်မက်ဒရစ်အသင်းကို စပိန်လာလီဂါ သုံးပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် နည်းပြ ဇာဘီအလွန်ဆိုသည် ရီးရဲလ်မက်ဒရစ်အသင်းနဲ့ စပိန်လာလီဂါကို နည်းပြအဖြစ်ရောက်ရှိသည့် ပထမဆုံးရာသီ၊ ပထမဆုံးလမှာပဲ အကောင်းဆုံး နည်းပြဆုကို ရယူနိုင်ခဲ့သည်။ (ဝဲပုံ)

အသက်(၄၃)နှစ်အရွယ်ရှိ ဇာဘီအလွန်ဆိုက "ကျွန်တော် အခုလို တစ်လတာအကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ (NGB)

## နည်းပြ နူနိုဆန်းတို့စ် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် နှစ်ဦးသဘောတူလမ်းခွဲ



**လန်ဒန် စက်တင်ဘာ ၉**

နော်တင်ဟမ်ဖောရက်စ်အသင်းသည် အသင်းနည်းပြ နူနိုဆန်းတို့စ်နှင့် နှစ်ဦးသဘောတူ လမ်းခွဲခဲ့ပြီဖြစ်ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၅၁)နှစ်အရွယ်ရှိ နည်းပြ နူနိုဆန်းတို့စ်သည် နော်တင်ဟမ်ဖောရက်စ်အသင်းကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၀ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၇၃ ပွဲတွင် ၂၈ပွဲနိုင်၊ ပွဲ ၂၀ သရေ၊ ၂၅ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

နော်တင်ဟမ်ဖောရက်စ်အသင်း ထုတ်ပြန်ချက်တွင် "နည်းပြ နူနိုဆန်းတို့စ်နှင့် နှစ်ဦးသဘောတူ လမ်းခွဲခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ" ဟု ထုတ်ပြန်သည်။

နော်တင်ဟမ်ဖောရက်စ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ မော်ရင်ဟိုအားခန့်အပ်ရန် ဆွေးနွေးလျက်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

(အပေါ်ဝဲပုံ)
(NGB)

## အိုဆူလာကို ခေါ်ယူရန် ဖရန့်ဖတ်အသင်း စိတ်ဝင်စား

**မြူးနစ် စက်တင်ဘာ ၉**

ဘွန်ဒက်လီဂါကလပ် ဖရန့်ဖတ်အသင်းသည် နယူးကာဆယ်အသင်းတိုက်စစ်မှူး အိုဆူလာအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၂ပွဲကစားပြီး သုံးဂိုးသွင်းယူကာခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖရန့်ဖတ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

တိုက်စစ်မှူး အိုဆူလာကိုယ်တိုင်ကလည်း လက်ရှိအချိန် နယူးကာဆယ်အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။

ထို့ကြောင့် ဖရန့်ဖတ်အသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်တွင် နယူးကာဆယ်အသင်းထံမှ အိုဆူလာအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ)
(NGB)





## 2025 Korea Open တင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၁၅ရက်တွင် စတင်မည်

**ဆိုးလ် စက်တင်ဘာ ၉**

တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Korea Open တင်းနစ်ပြိုင်ပွဲ လာမည့် စက်တင်ဘာ ၁၅ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2025 Korea Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၁၅ရက်မှ ၂၂ရက်အထိ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2025 Korea Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Korea Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဘရာဇီး တင်းနစ်မယ် Beatriz Haddad Maia ဖြစ်သည်။ (NGB)

## အယ်လ်ဗာရက်ဇ် တားမြစ်ဆေးသုံးစွဲမှုကြောင့် ၁၀လ ပွဲပယ်ပြစ်ဒဏ် ချမှတ်ခြင်းခံရ

**လန်ဒန် စက်တင်ဘာ ၉**

စပိန်အသင်းနှင့် ဘီလ်ဘာအိုအသင်းနောက်ခံကစားသမား အယ်လ်ဗာရက်ဇ်သည် တားမြစ်ဆေးသုံးစွဲမှုကြောင့် ၁၀ လအထိ ပွဲပယ် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။

အဆိုပါ နောက်ခံကစားသမားသည် ပြီးခဲ့သည့် မေလက ဘီလ်ဘာအိုအသင်းက မန်ယူအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ယူရိုပါလိဂ် ဆီမီးဖိုင်နယ်ပွဲစဉ်အပြီးဆေးစစ်ချိန်တွင် ဆေးကျခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား အယ်လ်ဗာရက်ဇ်သည် ပြီးခဲ့သည့် ဇွန်လကတည်းက ပွဲကစားခွင့် ရပ်ဆိုင်းခြင်းခံလာခဲ့ရတာဖြစ်ပြီး ယင်းကာလမှ စတင်ကာ ပြစ်ဒဏ်ကျခံရက် အကျုံးဝင်ခဲ့ခြင်းကြောင့် လာမည့် ၂၀၂၆ခုနှစ် ဧပြီ ၂ရက်မှသာ ဘောလုံးပြန်ကစားနိုင်တော့မည်ဖြစ်သည်။

အသက်(၃၀)နှစ်အရွယ်ရှိ အယ်လ်ဗာရက်ဇ်သည် ဘီလ်ဘာအိုအသင်းနှင့်အတူ ၂၀၁၆-၂၀၁၇မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၅၇ပွဲကစားကာ ၅ဂိုးသွင်းယူပြီး ခြေစွမ်းပြထားသည်။

(အောက်ပုံ)
(NGB)



## အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ အောင်မြင်မှုများစွာ ရယူသွားမည်ဟု အယ်လ်မာဒါပြောကြား

**မက်ဒရစ် စက်တင်ဘာ ၉**

အက်သလက်တီကိုမက်ဒရစ်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား အယ်လ်မာဒါက မိမိအနေဖြင့် အသင်းမှ ထွက်ခွာသွားမည်မဟုတ်ဘဲ အသင်းနှင့်အတူ အောင်မြင်မှုများစွာ ရယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားကို လက်ရှိအချိန် ဥရောပကလပ်အသင်းများအပြင်၊ ဆော်ဒီကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား အယ်လ်မာဒါသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ သုံးပွဲကစားထားသည်။ (ယာပုံ)



အသက်(၂၄)နှစ်အရွယ်ရှိ အယ်လ်မာဒါက "ကျွန်တော် ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားချင်ပါတယ်။ ပုံမှန်ပွဲထွက်ခွင့်ရရှိအောင် ကစားပြီး သွင်းဂိုးတွေလည်း သွင်းယူသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ" ဟု ပြောသည်။ (NGB)

## ကင်ပမ်ဘေ Qatar SC အသင်းတွင် ကျောနံပါတ် (၆)ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**လန်ဒန် စက်တင်ဘာ ၉**

နောက်ခံကစားသမားသစ် ကင်ပမ်ဘေ ကာတာကလပ် Qatar SC အသင်းတွင် ကျောနံပါတ် (၆)ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။




အဆိုပါ နောက်ခံကစားသမားသည် ပီအက်စ်ဂျီအသင်းမှ Qatar SC အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

နောက်ခံကစားသမား ကင်ပမ်ဘေသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၁၄-၂၀၁၅မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၄၁ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် Qatar SC အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ကာတာကလပ် Qatar SC အသင်းသည် အသင်းအင်အားဖြည့်တင်းရန်အတွက် နောက်ထပ် ကစားသမားသစ်များစွာ ထပ်မံခေါ်ယူ အားဖြည့်သွားဦးမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## အီတလီအသင်းက အစ္စရေးအသင်းကို ငါးဂိုး၊ လေးဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် စက်တင်ဘာ ၉**

ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်) ခြေစစ်ပွဲ အုပ်စုအဆင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အီတလီအသင်းနှင့် အစ္စရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အီတလီအသင်းက အစ္စရေးအသင်းကို ငါးဂိုး၊ လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



အီတလီအသင်းအတွက် သွင်းဂိုးငါးဂိုးကို ပွဲချိန် မိနစ် ၄၀ နှင့် ၅၄မိနစ်တွင် မွိုက်ဆာကိန်း၊ ပွဲချိန် ၅၈မိနစ်တွင် ပိုလီတာနို၊ ပွဲချိန် ၈၁မိနစ်တွင် ရပ်ပါဒိုရီ၊ ပွဲချိန် ၉၁မိနစ်တွင် တိုနာလီတို့က အသီးသီး သွင်းယူပေးခဲ့သည်။

အီတလီအသင်းသည် ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်) ခြေစစ်ပွဲ အုပ်စုအဆင့်ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာ ၁၂ရက်တွင် အက်စ်တိုးနီးယားအသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

## နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ ကျင်းပ

**မိုင်းဖြတ် စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က စက်တင်ဘာ ၈ ရက်သည် နိုင်ငံစာတတ်မြောက်ရေးနေ့ ဖြစ်ကြောင်းနှင့် နောက်ခံသမိုင်းအကျဉ်းများ၊ ရည်ရွယ်ချက်များ၊ မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေးလုပ်ငန်းလှုပ်ရှားမှုများ၊ လူတစ်ဦးအောင်မြင်ရန် အခြေခံသည် စာတတ်မြောက်မှုဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဟောပြောပွဲအပြီးတွင် ခင်းကျင်းပြသထားသည့် သုတ၊ ရသ၊ စာအုပ်၊ စာစောင်များ၊ နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများ ဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ၂၇လမ်း၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်နှင့် မန္တလေးနေ့စဉ်သတင်းစာတိုက်(ကြော်ငြာဌာနစိတ်)၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ mdydailynewspaper@gmail.com သို့ (၁၅-၉-၂၀၂၅)ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် ကလောင်အမည်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာ အပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကလေးငယ်များအတွက် ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**မိုင်းခတ် စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ရှိ ကလေးစာဖတ်ခန်း၌ ကလေးများအား ဉာဏစွမ်းရည်ပြိုင်ပွဲများကို စက်တင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ မိုင်းခတ်မြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်သား၊ ရုပ်သံ ဒေါ်အေးစန္ဒာမြင့်က ပြိုင်ပွဲပြုလုပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ကလေးများအား စာဖတ်ပြခြင်း၊ ကဗျာရွတ်ပြခြင်းနှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ရန် ဂိမ်းကစားခြင်းများကို အခြေခံပညာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ပျော်ရွှင်စွာ ဂိမ်းကစားခဲ့ကြသည်။

မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန်၊ စိတ်ပျော်ရွှင်ကြည်နူးစေရန်၊ စာကြည့်တိုက်ကို အသုံးပြုတတ်လာစေရန်၊ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဟောပြောပွဲများ၊ ပြိုင်ပွဲများ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲများအား လစဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**မြို့နယ်(ပြန်/ဆက်)**

## မန္တလေးအတွက် လျှင်မြန်သေးငယ်သော အလွန် ... 

## မန္တလေးအတွက် လျှင်ဘေးအလွန် စီးပွားပြန်လည် ထူထောင်ရေး (MSME) ဈေးရောင်းပွဲတော် ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၉**

မန္တလေးအတွက် လျှင်ဘေးအလွန် စီးပွားပြန်လည်ထူထောင်ရေး MSME MARKET FESTIVAL 2025 ဈေးရောင်းပွဲတော်အား စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မင်္ဂလာမန္တလေး ပရိမိုးရှင်းဧရိယာတွင် ကျင်းပမည်ဖြစ်ကြောင်း MRCC1 အသင်းကြီးမှ သိရသည်။


လျှင်အလွန် စီးပွားရေးလုပ်ငန်းများ ပစ်တိုင်းထောင်လေးသကဲ့သို့ ပြန်လည်ဦးမော့စေရေး ရည်ရွယ်ကာ အခွင့်အလမ်းအလွန်ထူးခြားသော MSME ဈေးရောင်းပွဲတော် ၂၀၂၅ အား ပြခန်းပေါင်း ၈၆ ခန်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား အမျိုးမျိုးသော MSME ကုန်ပစ္စည်းများ၊ အရည်အသွေးမြင့် ထုတ်ကုန်များကို တစ်နေရာတည်းတွင် စုံလင်စွာ ဝယ်ယူနိုင်မည်ဖြစ်ပြီး ၁၀၀ နီးပါး MSME စီးပွားရေးလုပ်ငန်းများ ပါဝင်မည်ဖြစ်သည်။ ဖျော်ဖြေရေးအဖြစ် မြန်မာ့အကအလှ ယဉ်ကျေးမှုများ၊ နာမည်ကြီး အဆိုတော်များ၊ DJ DANCE အစီအစဉ်များ ပါရှိကြောင်းသိရသည်။

(၀၇၀)

## သမဝါယမအသင်းလီမိတက်မှ မိုးစပါးစိုက်ပျိုးထားရှိမှု အခြေအနေအား ကွင်းဆင်းကြည့်ရှု

**ကလော စက်တင်ဘာ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ ဘော်နင်းကျေးရွာအုပ်စု၊ ညောင်ခါးရှည်ကျေးရွာရှိ စီမံကိန်းသီးနှံ(သက်တံ့ရောင်စီမံကိန်း)စိုက်ပျိုးလျက်ရှိသည့် ဘုရားပျို စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ မိုးစပါး စိုက်ပျိုးထားရှိမှု အခြေအနေအား စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီခွဲက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများက ဘုရားပျို စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ မိုးစပါး စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် အသင်းမှ လိုအပ်သည့် ငွေကြေးအရင်းအနှီးနှင့် သွင်းအားစုများရရှိစေရေးအတွက် ကလောမြို့နယ် သမဝါယမအသင်းစုနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပြီးမြို့နယ် သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ၍ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန်နှင့် သမဝါယမကဏ္ဍမှ စီမံကိန်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှုလုပ်ငန်းစဉ်များ အောင်မြင်အောင်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်တွင် ဝါသီးနှံ အရောင်းအဝယ်ဖြစ်ထွန်း

**ပခုက္ကူ စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများ၌ စိုက်ပျိုးသည့် ဝါသီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိသည်။

ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ချည်မျှင်ရှည်ဝါနှင့် ချည်မျှင်တိုဝါသီးနှံများကို အဓိကစိုက်ပျိုးကြပြီး ယခင်နှစ်တွင် ဝါသီးနှံစိုက်ဧက ၅၀၀၀ မှ ၆၀၀၀ အထိ ရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ဝါသီးနှံစိုက်ဧက ၂၅၀၀ ဝန်းကျင်ခန့်သာရှိပြီး ဝါသီးနှံ စတင်ပေါ်ကာစအချိန်တွင် အစေ့ပါတစ်ပိဿာကို ငွေကျပ် ၃၈၀၀ ဖြစ်ခဲ့ပြီး တစ်နေ့လျှင် ပိဿာချိန် ၃၀ မှ ၅၀ အထိ မြို့ပေါ်ဈေးကွက်သို့ ဝင်ရောက်လျက်ရှိကြောင်း၊ ဇူလိုင်လမှ ဩဂုတ်လ(ဒုတိယပတ်) အတွင်း တစ်နေ့လျှင် ပိဿာချိန် ၂၀၀ မှ ၃၀၀ အထိ ဝင်ရောက်ပြီး ချည်မျှင်ရှည်ဝါ တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀၊ ချည်မျှင်တိုဝါ တစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀၊ ဝါကြိတ်ဖတ်တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၊ ဝါစေ့ တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀၊ ဝါစေ့ဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်ထွန်းခဲ့ပြီး လက်ရှိတွင် ပိဿာချိန်ပေါင်း ၂၅၀ မှ ၃၀၀ ခန့် နေ့စဉ် ဝင်ရောက်လျက်ရှိကြောင်း ဝါကုန်သည်များထံက သိရသည်။

**(အောက်ပုံ)**

(၃၄၀)



၀-၀-၀-၀-၀-၀-၀

## မိုးစပါးစိုက်ခင်းများအား သွင်းအားစုပက်ဖျန်းမှု ကွင်းသရုပ်ပြပွဲနှင့် သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာ သွင်းအားစုပေးအပ်ပွဲ ကျင်းပ

**ဥတ္တရသီရိ စက်တင်ဘာ ၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မောင်းရမ်းကျေးရွာအုပ်စု၊ ဝက်စုကျေးရွာ ကွင်းအမှတ်(၁၈၈၅) တောင်သူ ဦးအောင်နိုင်၏ ပေါ်ဆန်းစပါးမျိုး မိုးစပါးစိုက်ခင်းတွင် သွင်းအားစုအနေဖြင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကို ၁း၃ စနစ်တကျရောစပ်၍ ပက်ဖျန်းမှု ကွင်းသရုပ်ပြပွဲကို စက်တင်ဘာ ၄ ရက် မွန်းလွဲပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် မောင်းရမ်းကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုပေးအပ်ခြင်း အခမ်းအနားကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်းက တောင်သူများအနေဖြင့် တစ်နှစ်သုံးသီးနှံစိုက်ပျိုးနိုင်ရေး၊ သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး၊ လယ်ယာမြေများကို တန်ဖိုးထားလုပ်ကိုင်ဆောင်ရွက်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းလမ်းများနှင့်အညီ စနစ်တကျ စိုက်ပျိုးရေး၊ သီးနှံများ သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရေး၊ ကြပက်စနစ်ပပျောက်အောင် ကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာများဖြင့် စိုက်ပျိုးရေး၊ သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲရေး၊ ဆည်ရေများ အကျိုးရှိရှိ သုံးစွဲရေးတို့ကို မှာကြားခဲ့သည်။ **(ဝဲပုံ)**

ငင်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တောင်သူများထံ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**အမရပူရ စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် လာမည့် ရွေးကောက်ပွဲတွင် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်အောင် အသိပညာပေးခြင်းနှင့် လက်တွေ့မဲပေးခြင်းလုပ်ငန်းများကို အမရပူရကော်မရှင်အဖွဲ့ခွဲမှ စက်တင်ဘာ ၃ ရက်မှစတင်ပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါအသိပညာပေးခြင်းနှင့် လက်တွေ့မဲပေးခြင်းများကို စက်တင်ဘာ ၃ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများကိုလည်းကောင်း၊ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် မှန်တန်းရပ်ကွက်၊ မိုးကောင်းဓမ္မာရုံတွင်လည်းကောင်း၊ ညနေပိုင်းတွင် လေးစုရပ်၊ လေးစုဓမ္မာရုံတို့တွင် ရပ်ကွက်နေပြည်သူများအား လက်တွေ့မဲပေးခြင်း အသိပညာများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ခနုံးကျေးရွာအုပ်စု၊ ယဉ်တော်စံကျေးရွာ၊ အောင်သိဒ္ဓိကပ်ကျော် ဓမ္မာရုံတွင် မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ကွင်းဆင်းဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခနုံးကျေးရွာအုပ်စု၊ မြစ်ငယ်ရပ်ကွက်၊ ဥယျာဉ်တော်ကျေးရွာအုပ်စု၊ မြစ်လောင်းကျေးရွာအုပ်စု၊ တောင်သမန်ကျေးရွာအုပ်စုနှင့် စာတိုးကျေးရွာအုပ်စုတို့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူ ၁၉၄၈ ဦးတို့အား အမရပူရမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးအရာရှိ ဒေါ်နန်းအေးအေးစိုးက မြန်မာအီလက်ထရောနစ်မဲပေးစက်တည်ဆောက်ပုံ၊ မဲပေးခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်အားရှင်းလင်းပြောကြားခဲ့ပြီး တစ်ဦးချင်းကိုယ်တိုင် စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။ **(အပေါ်ပုံ)**

**စိုးသီဟ(အမရ)**

၀-၀-၀-၀-၀-၀

## ဆောင်းနှမ်းပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးနည်းစနစ် ကွင်းသရုပ်ပြ

**ကန့်ဘလူ စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့တွင် ဆောင်းနှမ်းပန်းတိုင်အထွက်နှုန်း ရရှိရေး စိုက်ပျိုးနည်းစနစ် ကွင်းသရုပ်ပြပွဲကို စက်တင်ဘာ ၇ ရက် နံနက် ၈ နာရီက ကန့်ဘလူမြို့ အမှတ်(၁)ရပ်ကွက်၊ ကွင်းအမှတ် (၅၆၅)၊ ဦးပိုင်အမှတ် (၁၈) တောင်သူ ဦးအုံးကျော်၏ ယာမြေငါးဧကစိုက်ပျိုးမြေ၌ ဆောင်ရွက်ခဲ့သည်။



အဆိုပါကွင်းသရုပ်ပြပွဲတွင် ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှကြိုင်က နှမ်းပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် တောင်သူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ ယင်းကွင်းသရုပ်ပြပွဲသို့ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်း ၁၆ ဦး၊ တောင်သူ ၂၆ ဦး၊ စုစုပေါင်း ၄၂ ဦး တက်ရောက်ကြသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ကန့်ဘလူခရိုင်တွင် ဆောင်းသီးနှံစုံ ၄၀၉၆၇၇ ဧက လျာထားပြီး ဆီထွက်သီးနှံ ၃၅၂၃၄၁ ဧကအနက် ဆောင်းနှမ်း ၁၁၀၇၄၉ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် လျာထားဧကပြည့်မီကျော်လွန်စေရေးအတွက် စိုက်ပျိုးရေးဝန်ထမ်းများက ဒေသခံတောင်သူများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

ရောဂါကင်းစင် စိတ်လန်းရွှင်
အမြင်လည်းလှ သန့်ရှင်းကြ။

## တောင်သူများအား မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေး

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအတွက် ၂၀၂၅ ခုနှစ် မိုးရာသီ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် စိုက်ပျိုးစရိတ်ချေးငွေများထုတ်ပေးခြင်းကို စက်တင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးစန်းသော်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စုအလိုက် စပါး တစ်ဧက ငွေကျပ် တစ်သိန်းငါးသောင်းနှုန်း၊ နှမ်း တစ်ဧက ငွေကျပ် တစ်သိန်းနှုန်းတို့ကို အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးမှာဖြစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရှိသည့် တောင်သူများကိုသာ ထုတ်ချေးပေးသွားမှာဖြစ်ကြောင်း၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးသောကျေးရွာတောင်သူများကို သီးနှံအာမခံထားရှိရေး၊ စည်းရုံးရှင်းလင်းခြင်းနှင့် ကျေးရွာတောင်သူများကို ချေးငွေထုတ်ချေးသည့် စာချုပ်ပါစည်းကမ်းချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ယခင်စိုက်ပျိုးစရိတ်ချေးငွေများ ပြေကြေစွာ ပေးဆပ်ပြီးသူများကို ထုတ်ချေးပေးခြင်းဖြစ်ပြီး ကျောက်ဆောင်ကျေးရွာ၊ ဝါးရှိကျေးရွာ အုပ်စုမှ တောင်သူ ၇၆ ဦး၏ အခြားသီးနှံဧက ၅၃၅ ဧက၊ စပါးလေးဧကအတွက် ချေးငွေကျပ် ၅၄၁ ဒသမ ၀၀ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာထံမှ သိရသည်။

**(အောက်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



# မန္တလေးတိုင်းဒေသကြီး၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၏ စကားသံများ



မန္တလေးတိုင်းဒေသကြီး၊ ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာ ၉ ရက်၊ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ မြို့တော်ခန်းမတွင် ဖွင့်ပွဲကျင်းပခဲ့သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာများ ဖွံ့ဖြိုးတိုးတက်စေရန်သာမက အစဉ်ထာဝရမြင့်မားနေစေရန် ရိုးရာဓလေ့ထုံးစံအမွေအနှစ်များ လက်ဆင့်ကမ်းထိန်းသိမ်းနိုင်သည့် မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန်၊ မြန်မာ့ဂုဏ်ရည်များ အစဉ်ထာဝရရှင်သန်ထက်မြက်နေစေရန်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို လေးစားမြတ်နိုးထိန်းသိမ်းလိုသည့် စိတ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲများကို မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ မြို့တော်ခန်းမနှင့်အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)တို့တွင် နေရာခွဲ၍ ယှဉ်ပြိုင်ကြစေခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်များအား အမှတ်ပေးဒိုင်အဖွဲ့များက အကဲဖြတ်အမှတ်ပေးကြသည်။ ပြိုင်ပွဲဝင်ယှဉ်ပြိုင်သူများအား အကဲဖြတ်ဒိုင်အဖွဲ့ဝင်များနှင့်တွေ့ဆုံမေးမြန်းခဲ့မှုများကို တင်ပြလိုက်ပါသည်။



**ဒေါ်အေးစန္ဒာအောင် (အကဒိုင်အဖွဲ့)**

ကျွန်မကတော့အမျိုးသားယဉ်ကျေးမှုနဲ့အနုပညာတက္ကသိုလ်(မန္တလေး)က ဒုတိယပါမောက္ခချုပ်ပါ။ ဒိုင်အဖွဲ့မှာ အကဲဖြတ်အမှတ်ပေးပါတယ်။ အခြေခံပညာ (အသက် ၁၀-၁၅ နှစ်၊ အသက် ၁၅-၂၀ နဲ့ အဆင့်မြင့်ပညာအဆင့်ဆိုပြီး သုံးဆင့်နဲ့အလွတ်တန်းပြိုင်ပွဲမှာ ကျေးလက်ယိမ်းအကနဲ့ ထားဝယ်ရိုးရာ ယိမ်းအကပါရှိပါတယ်။ မနက်ပိုင်းမှာ ကဗျာလွတ်ယိမ်းအကပြိုင်တယ်။ ထားဝယ်ရိုးရာယိမ်းအကကတော့ ပြိုင်ပွဲဝင်တစ်ဖွဲ့ပဲ ရှိတယ်။ အဲဒီပြိုင်ပွဲအတွက် အမှတ်ပေးပြီးသွားပါပြီ။ အမှတ်ပေးရာမှာ ခန္ဓာကိုယ်အချိုးအစားပြေပြစ်မှု၊ ကကြိုးကကွက်ညီညာလှပမှုတွေပေါ့။ အဓိကမှာ နရီစည်းဝါး မှန်ကန်မှုပေါ့။ ဝတ်စားဆင်ယင်မှုနဲ့ပတ်သက်လို့လည်း အမှတ်ပေးတယ်။ အကတွေမှာ အကတွေတင်မဟုတ်ပဲ သူတို့ မျက်နှာပေးတွေလည်း အမှတ်ပေးဇယားများမှာပါတယ်။ စုစုပေါင်းပေးမှတ်က ၄၅ မှတ်ပါ။ ဒါ့အပြင်တစ်ဦးချင်း အကပြိုင်ပွဲလည်းပါတယ်။ အဆင့်မြင့်မှာ ဗဟိုအဆင့် ပြိုင်ပွဲဝင်နိုင်သူတွေပေါ်ထွက်လာတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။အခြေခံပညာမှာ နှစ်ဆင့်ရှိပြီး အသက်နဲ့ခွဲခြားပါတယ်။ အဆင့်မြင့်မှာ အသက်ကန့်သတ်ချက်မရှိဘူး။အဆင့်မြင့်ပညာအမျိုးသမီးအကပြိုင်ပွဲမှာ ခုနစ်ဦး၊ အဆင့်မြင့်ပညာအဆင့်မှာ သုံးဦးရှိတယ်။ အဆို၊ အက၊ အရေး၊ အတီးမှာ ပညာရေးကဏ္ဍက အရေးကြီးတယ်။ ပညာရှင်အဆင့်ဆိုတာ ဒီကလေးတွေကို မွေးထုတ်ပေးဖို့လိုတယ်။ ကလေးတွေအနေနဲ့ မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးအားလုံးအတွက် အနုပညာပေါ်မြတ်နိုးစွာနဲ့စိတ်ဝင်စားမှုရှိပြီး လေ့လာလိုက်စားစေချင်တယ်။



**ဒေါ်လှလှအေး(စောင်းတီးပြိုင်ပွဲဒိုင်အဖွဲ့)**

မြန်မာ့ရိုးရာအမွေအနှစ်မှာ တန်ဖိုးမဖြတ်နိုင်တဲ့ ကြိုးတပ်တူရိယာဖြစ်ပါတယ်။ မြန်မာ့စောင်းမှာ ကြိုးညှိတာက ပညာသားအပါဆုံးဖြစ်တဲ့အပြင် ကြိုးတပ်တူရိယာတီးခတ်တဲ့ ပညာရပ်ထဲမှာ အခက်အခဲဆုံးလို့ ဆိုရပါမယ်။ ဒီနှစ်စောင်းပြိုင်ပွဲမှာ ပြိုင်ပွဲဝင်အဆင့် သုံးဆင့်ခွဲထားပြီး စုစုပေါင်း ခြောက်ဦးရှိရာယ် စောင်းတီးပြိုင်ပွဲမှာ အမှတ်ပေးရာမှာ ငါးမျိုးရှိပြီး အားလုံးက ဆက်နွယ်မှုရှိလို့ ဘယ်ဟာက အရေးကြီးတယ်လို့မရှိဘူး။ ပြိုင်ပွဲသီချင်းမစမီ လက်စွမ်းပြတီးလုံးတီးရပြီး အဲဒါကိုလည်း အမှတ်ပေးပါတယ်။ နိုင်ငံတော်က ကြီးမှူးပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေထိန်းသိမ်းကြဖို့ပါ။ မျိုးဆက်သစ်ပြိုင်ပွဲဝင်တွေ အနေအထားကြည့်ရင် အလယ်တန်းအဆင့်ရော ယဉ်ကျေးမှုတက္ကသိုလ်အဆင့်ရော ပါဝင်ပြီး ကြိုးစားကြသလိုကောင်းလည်းကောင်းကြတယ်။ ကိုယ့်ရဲ့ ရိုးရာယဉ်ကျေးမှု အမွေအနှစ်ဖြစ်သလို ကမ္ဘာမှာကျော်ကြားတဲ့ စောင်းပညာရပ်ဖြစ်တဲ့အတွက် မျိုးဆက်သစ်တွေက လက်ဆင့်ကမ်းသယ်ဆောင်ကြတာဖြစ်ပြီး မြန်မာ့ရိုးရာအမွေအနှစ်ကို ဖော်ထုတ်တဲ့ပွဲကြီးဖြစ်ပါတယ်။



**ဦးကောင်းသန့်(ပတ္တလားအတီးပြိုင်ပွဲဒိုင်အဖွဲ့)**

ပတ္တလားဒိုင်အဖြစ် ၂၀၁၈ ခုနှစ်ကစပြီး ဒိုင်အဖွဲ့ဝင်လုပ်ခဲ့ပါတယ်။ ပတ္တလားတီးသင်ခဲ့တာက အောင်သူဆိုင်းအဖွဲ့ထဲရောက်ချိန်ကပါ။ ဆရာဆီမှာ ပညာသင်ခဲ့တယ်။ ကောင်းသန့်ဆိုင်းအဖွဲ့အနေနဲ့ ဆိုင်းထောင်ပြီးတီးခဲ့တယ်။ ပတ္တလားတီးပြိုင်ပွဲမှာ အခြေခံအဆင့်အသက် ၁၀-၁၅ မှာ နှစ်ယောက် ။ အသက် ၁၅-၂၀ မှာ နှစ်ယောက် အဆင့်မြင့်က ငါးယောက် ပေါင်းကိုးယောက် ယှဉ်ပြိုင်ကြပါတယ်။ မြန်မာ့ဆိုင်းမှာ မောင်းနဲ့ ကြေးနောင်ကို တစ်ခါတည်း ဝင်တီးလို့ မရဘူး။ အခြေခံအဖြစ် ပတ္တလားကစပြီး သင်ရတာပါ။ ပတ္တလားနဲ့လေ့ကျင့်ရင်း တွဲဖက်အသံတွေသိမှ၊ စည်းဝါးနိုင်ပြီဆိုမှ တခြားတူရိယာကို သင်ရတာကြောင့် အခြေခံအကျဆုံးဖြစ်ပါတယ်။ ပြိုင်ပွဲမှာ ဝါးပတ္တလားနဲ့ပြိုင်ရပါတယ်။ အရင်ဗဟိုအဆင့်ပြိုင်ပွဲမှာ ပညာရှင်ပတ္တလားမှာ ရွှေတံဆိပ်ငါးဆုနဲ့ ဆိုင်းဝိုင်းပြိုင်ပွဲမှာ လေးဆုရခဲ့ဖူးပါတယ်။ခုလိုပြိုင်ပွဲတွေလုပ်မှ မြန်မာ့ဂီတ၊ အနုပညာကို ဖော်ထုတ်နိုင်မှာဖြစ်သလို လက်ဆင့်ကမ်းသယ်ဆောင်နိုင်မှာဖြစ်ပါတယ်။



**ဦးမြငွေ(နှဲမှုတ်ပြိုင်ပွဲ ဒိုင်အဖွဲ့)**

နှဲပညာက မြန်မာ့ဆိုင်းဖခင်ကြီး စိန်ဗေဒါလက်ထက်ကတည်းက မပါမဖြစ်ပါခဲ့တယ်။ ကြေး-ကြိုး-သရေ-လေ-လက် ခုပ်ဆိုပြီး မြန်မာ့ဂီတမှာရှိပါတယ်။ နှဲဟာနှဲ့နှောင်းအောင် လုပ်ပေးသလို ဆူညံနေတဲ့ အသံတွေ ပျော့ပျောင်းအောင် လုပ်ပေးတဲ့ လေမှုတ်တူရိယာ ဖြစ်ပါတယ်။ ခုလိုပြိုင်ပွဲတွေ ကျင်းပပေးခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ကို ဖော်ထုတ်ရာရောက်သလို မျိုးဆက်သစ်တွေ ပေါ်ထွန်းလာမှာဖြစ်ပါတယ်။

**နိုင်ဆက်ဝေ**

# ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏လမ်းညွှန်မှု၊ မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ၂၀၂၅ ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ခရိုင်အဆင့်ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မိတ္ထီလာမြို့ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး (၄)ဘာသာဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများထံသို့ ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ကျင်းပရာ ခရိုင်အတွင်းမှ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများထံသို့ ဂုဏ်ပြုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို မိတ္ထီလာတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့်ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ (၄)ဘာသာဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ ကိုယ်စားကျောင်းသူ မမင်းမင်းသူက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ဘက်စုံပညာကိုရည် တို့လှမ်းချီ၊ အောင်မြင်ပါစေ မြန်မာပြည်၊ ဇာတိမာန်သီချင်းများဖြင့် ကျောင်းသား၊ ကျောင်းသူများက သီဆိုကပြဖျော်ဖြေခဲ့ပြီး ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၄၅၃)





## နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ ကျင်းပ

**မိုင်းဖြတ် စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၈ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က စက်တင်ဘာ ၈ ရက်သည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဖြစ်ကြောင်းနှင့် နောက်ခံသမိုင်းအကျဉ်းများ၊ ရည်ရွယ်ချက်များ၊ မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေးလုပ်ငန်းလှုပ်ရှားမှုများ၊ လူတစ်ဦး အောင်မြင်ရန် အခြေခံသည် စာတတ်မြောက်မှုဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဟောပြောပွဲအပြီးတွင် ခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်၊ စာစောင်များ၊ နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## အသိပညာပေးဟောပြော၊ နံရံကပ်စာစောင်နှင့် စာအုပ်၊ စာစောင်ပြပွဲကျင်းပ

**ရပ်စောက် စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်၊ စာစောင်ပြပွဲကို စက်တင်ဘာ ၅ရက် နံနက် ၉ နာရီခွဲက အမှတ်(၁၄)နှင့် အမှတ်(၅)အခြေခံပညာမူလတန်းကျောင်းများ၌ ဆောင်ရွက်ခဲ့သည်။**(အပေါ်ယာပုံ)**

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီးနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုအောင်က ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်းဖြင့်လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းမွန်မွန်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းဖြင့်လည်းကောင်း အသီးသီး ဟောပြောခဲ့ကြသည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များ ပြသခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## စားအုန်းဆီများအား သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချမှုမရှိစေရေး ကြပ်မတ်စစ်ဆေးမှုများဆောင်ရွက်

**တောင်တွင်းကြီး စက်တင်ဘာ ၉**

တောင်တွင်းကြီးမြို့နယ်အတွင်း စားအုန်းဆီအရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသော ဟင်းသီးဟင်းရွက်ဆီ (စားအုန်းဆီ)နှင့် အဆင့်မြင့်စားအုန်းဆီတို့တွင် ကုန်စည်၏ အမျိုးအမည်နှင့် အလေးချိန်တို့အား မြန်မာဘာသာဖြင့် ရေးသားဖော်ပြခြင်းရှိ၊ မရှိ၊ စားအုန်းဆီများ ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း ရှိ၊ မရှိတို့အား ယနေ့နံနက်ပိုင်းက တောင်တွင်းကြီးမြို့မဈေးနှင့် Super Market စတိုးဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။



ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စိစစ်ဖော်ထုတ်ကြပ်မတ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အထွေထွေစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မြတ်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဒေါ်ဌေးဌေးနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**နောင်နောင်(ဗိသုကာနီးမြေ)**


ပတ်စာရော မှတ်စာရော
စုံလင်
ယုဇနလေး


## လုပ်ကျွေးသင့်စွာ မိဘနှစ်ဖြာ

* သမီးဖြစ်စေ၊ သားဖြစ်လေလည်း
ချစ်တွေတူမျှ၊ ချစ်မဝ၍
မိဘနှစ်ဖြာ၊ သူ့ရင်မှာလျှင်
နမ်းကာမဝ၊ ပန်းအလှသို့
နှိုင်းပြပုံသွင်၊ သားပါးပြင်ကို
ချစ်ကြင်မွှေးမြ၊ နမ်းမဝ။

* သူတို့လေးတွေ၊ လိမ္မာစေဖို့
နှစ်ထွေမိဘ၊ ပျိုးထောင်ကြကာ
လောကအလယ်၊ လွန်တင့်တယ်၍
ဝါထည်ခန့်ညား၊ ဝင့်ဝင့်ကြွားအောင်
ကြိုးစားရန်းကန်၊ လောကဓံကို
တွန်းလှန်ပယ်ချ၊ မိဘနှင့်ဘ။

* လောကအလယ်၊ လူမှုနယ်တွင်
မျိုးနွယ်ဆွေသား၊ တိုး၍ပွားသော်
သက်ထားကြင်ဖော်၊ နှစ်ကိုယ်ပျော်၍
ရည်မျှော်ရွယ်ကိုး၊ အချစ်တိုးကာ
ထမ်းပိုးပင့်တင်၊ ကျေးဇူးရှင်ကို
မှန်ပင်နေ့ည၊ မေ့နေကြ။

* မမေ့သင့်စွာ၊ ဤလူ့ရွာဝယ်
နှစ်ဖြာမိဘ၊ ရှိနေကြ၍
ဗုဒ္ဓနှင့်ပင်၊ တူတွဲယှဉ်ကာ
ဂုဏ်ဝင်နန္တ၊ ရှိအပ်စွမို့
ဤကရေ့လျှင်၊ ဦးထိပ်တင်ပြီး
နေ့စဉ်ယုယ၊ လုပ်ကျွေးကြ။ ။

**ပန်းသစ္စာ(ပုသိမ်ကြီး)**



## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်




**မန္တလေး စက်တင်ဘာ ၉**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်း ကျောင်းတွင် ယမန်နေ့နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတာဘဒ္ဒန္တကောသဝ(မွောစရိယ၊ B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်ပြီး မန္တလေးမြို့နေ ကိုအောင်ဆန်းဦး+မကြူကြူဆွေ(မိဘဂုဏ်ပွဲရုံ) မိသားစုက ဖခင်ကြီးဦးသန်းနှ၊ ဦးကျော်စိန်တို့အားရည်စူးကာ နှစ်ဖက်မိဘများအား အမှူးထားပြီး ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၇သိန်း၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် ၈သိန်း စုစုပေါင်းငွေကျပ် ၂၅သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာယကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (ဝဲပုံ)

ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ နဝကမ္မဝတ္ထုငွေများ တစ်ပါးချင်းစီအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

PNT

0-0-0-0-0




## လျှော်ဘေးသင့် သီလရှင်ကျောင်းများအတွက် အလှူငွေများ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၉**

မန္တလေးမြို့ တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သည့် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်နှင့် နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဆရာတော်ဦးဆောင်သည့် (မန္တလေး)အသင်းချုပ်ရုံးသို့ လျှော်ဘေးသင့် သီလရှင်ကျောင်းများနှင့် ဘေးမဲ့ဥယျာဉ်တော်ရှိ တိရစ္ဆာန်များအစာအဖြစ် ဆန်တစ်အိတ်နှင့် ငွေကျပ်တစ် သိန်း စုစုပေါင်းငွေကျပ် နှစ်သိန်းကို မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ငွေးချိုတိုက်၊ မအူပင်ကျောင်းဆရာတော် ဘဒ္ဒန္တဝိမလ(ရဟန်းစာဆိုနှင့် လူမှုထူးချွန်-ဒုတိယ)က ယမန်နေ့က ပေးအပ်လှူဒါန်းရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး အသင်းချုပ်ရုံး(မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ အလှူရှင်များ အနေဖြင့် လှူဒါန်းလိုပါက ဖုန်း ၀၉- ၄၀၂၆၉၂၅၂၂၊ ၀၉-၈၇၉၅၇၆၄၃၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၉)

## မုံရွာမြို့တွင် သုံးရက်အတွင်းမျက်စိလူနာ ၂၂၀၀ နီးပါး အခမဲ့ခွဲစိတ်ကုသပေး

**မုံရွာ စက်တင်ဘာ ၉**

မုံရွာမြို့ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် မျက်စိအခမဲ့ကုသခွဲစိတ်ပေးနေရာ ၃ရက် အတွင်းလူနာ၂၂၀၀ နီးပါးကုသပေးခဲ့သည်။



အခမဲ့ကုသပေးရာတွင် ဩဂုတ် ၂၉ ရက်မှ ၃၁ ရက်အထိ စမ်းသပ်ပြင်ပလူနာ ၁၉၉၂ ဦး၊ အကြီးစားခွဲစိတ်လူနာ ၁၅၁ ဦး၊ အသေးစားခွဲစိတ်လူနာ ၃၃ ဦးတို့အား စမ်းသပ်ခွဲစိတ်ကုသပေးခဲ့သည်။ သဲဖြူဆရာတော်ကြီး အမှူးထား၍ အလှူရှင်များ၏ လှူဒါန်းမှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ဦးဆောင်ပါဝင်ပံ့ပိုးမှုတို့ဖြင့် မုံရွာမြို့နှင့်အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် အငြိမ်းစားဝန်ထမ်းများအား အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ပေးနေခြင်း ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ဩဂုတ် ၃၁ ရက်က လာရောက်ပြသကြသည့် မုံရွာမြို့နှင့်အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၊ အငြိမ်းစားဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြပြီး မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိဝေဒနာရှင်များကို စမ်းသပ်ခွဲစိတ်ကုသပေးနေမှုများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

ထို့နောက် မျက်စိခွဲစိတ်လူနာများအား နေကာမျက်မှန်များနှင့် သောက်ဆေးများ လိုက်လံပေးအပ်ကာ မျက်စိဝေဒနာရှင်များနှင့် လူနာစောင့်များအား နေ့လယ်စာ ထမင်း၊ ဟင်းနှင့်သောက်ရေသန့်ဘူးများကို လိုက်လံပေးအပ်ခဲ့ကြသည်။

မုံရွာမြို့နှင့်အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် အငြိမ်းစားဝန်ထမ်းများအား အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ပေးခြင်းကို ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၄ ရက်အထိ မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် စမ်းသပ်ခွဲစိတ်ပေးခဲ့ပြီး မျက်စိဝေဒနာရှင် လူနာပေါင်း ၅၁၀၀ ကျော် စာရင်းပေးသွင်းထားကြောင်း သိရသည်။

(အပေါ်ပုံ)(၃၉၄)

## လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းနည်းအခြေခံသင်တန်းဖွင့်လှစ်ပို့ချ

**ပွင့်ဖြူ စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် အမှတ်(၄၆)စက်မှုလယ်ယာစခန်းမှ ကြီးမှူးဖွင့်လှစ်သည့် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်းကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက အဆိုပါ မြို့နယ်စက်မှုလယ်ယာစခန်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မင်းဘူးခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မင်းအောင်နှင့် ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်တို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားများ အသီးသီးပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ သင်တန်းတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ (အောက်ပုံ)

ထို့နောက် ဒေသတွင်း လယ်ယာသီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားရေးအတွက် တောင်သူအကျိုးပြု လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်း ဖွင့်လှစ်သင်ကြားပေးမှုအပေါ် သင်တန်းသားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တာဝန်ရှိသူများက သင်တန်းအတွက် အသုံးပြုရန် အထောက်အကူပစ္စည်းများကို ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် လယ်ယာ သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်စေရန်အတွက် တောင်သူအကျိုးပြု လယ်ယာသုံးစက်ကိရိယာများ ရေရှည်တည်တံ့ကောင်းမွန်စေရန် စနစ်တကျကိုင်တွယ်မောင်းနှင်ထိန်းသိမ်းနည်းပညာနှင့်စက်ကိရိယာများ ချို့ယွင်းပါက ပြုပြင်ဆောင်ရွက်ရမည့်နည်းစနစ်များ၊ လယ်ယာသုံးစက်ကိရိယာဖြင့် သီးနှံများ စိုက်ပျိုးရာတွင် လိုက်နာရမည့်အချက်များကို စက်တင်ဘာ ၈ ရက်မှ ၁၉ ရက်အထိ ၁၂ရက်ကြာ စာတွေ့လက်တွေ့ စနစ်တကျဖွင့်လှစ်ပို့ချသင်ကြားပေးလျက်ရှိကြောင်း ထိုသင်တန်းကို ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူ ၂၅ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

(၄၄၅)



## တီဘီရောဂါနှင့်အခြားရောဂါများ အခမဲ့စမ်းသပ်ရှာဖွေကုသပေး

**ကလော စက်တင်ဘာ ၉**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောခရိုင်၊ ကလောမြို့ မြို့မပရိယတ္တိစာသင်တိုက်ကျောင်းတွင် စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီမှစ၍ ကလောမြို့ပေါ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား တီဘီရောဂါနှင့် အခြားရောဂါများကို အခမဲ့စမ်းသပ်ရှာဖွေကုသခြင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ Gene Expert စက်ဖြင့် သလိပ်စစ်ဆေးပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်(တောင်ကြီး) တီဘီရောဂါတိုက်ဖျက်ရေးဦးစီးဌာနမှ ဒေါက်တာ တေဇာဝေယံနှင့် ကလောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခိုင်စုစုညီမ်း၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဒေါက်တာ စောမြတ်သစ္စာတို့ဦးဆောင်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကလောမြို့ပေါ်ရှိ သံဃာတော်များ၊ သက်ကြီးအဘိုး၊ အဘွားများနှင့် ဒေသခံပြည်သူများအား တီဘီရောဂါနှင့်ပတ်သက်၍ ဓာတ်မှန်ရိုက်စမ်းသပ် ရှာဖွေစစ်ဆေးပေးခြင်းနှင့်ကျန်းမာရေးနှင့် အထွေထွေရောဂါများအား အခမဲ့စမ်းသပ်ရှာဖွေကုသပေးလျက်ရှိကြောင်း သိရသည်။

(အောက်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# အနာဂတ်အတွက် လျှပ်စစ်ဘိလပ်မြေ

**မောင်မောင်စွယ်စုံထွန်း**

ဘိလပ်မြေဆိုသည်အား အဓိပ္ပာယ်ဖွင့်ကြည့်လျှင် ရေနှင့်ဓာတ်ပြုပါက အခြား အတူတကွ အသုံးပြုသည့် Material များအား ပူးကပ်စေသော ကော်တစ်မျိုးဖြစ်ပြီး သူကိုယ်တိုင်လည်း အတုံးအခဲအဖြစ်သို့ ပြောင်းလဲစေနိုင်ပါသည်။ သူ၏စိတ်ဝင်စားဖွယ် ဂုဏ်သတ္တိများအနေဖြင့် Setting Time ဆိုသည့် ငွေ့ရည်အဖြစ်မှ အစိုင်အခဲသို့ ပြောင်းလဲနိုင်ပြီး ရေအောက်တွေမှာတောင် ထိုရေနဲ့ ဓာတ်ပြုနိုင်သောကြောင့် (Hydraulic Cement = ရေနှင့် ဓာတ်ပြုသည့် ဘိလပ်မြေအမှုန့်) ဟု ခေါ်တွင်ကြပါသည်။ Hydraulic Cement တွင် ထုံးကျောက်၏ Silicate နှင့် Aluminates တို့ အဓိက ပါဝင်သည်။

ဘိလပ်မြေအား အသုံးပြုခဲ့သည်မှာ ကြာခဲ့ပြီဖြစ်ပြီး အီဂျစ်တွေက ရှေးတုန်းက မသန့်စင်သော ထုံးဓာတ်ပါဝင်နေသည့် ဂျစ်ပဆင် (gypsum) များအား စတင်အသုံးပြုခဲ့ကြပါသည်။ ဂရိလူမျိုးတွေနှင့် ရောမလူမျိုးတွေက ထုံးဓာတ်ပါဝင်သည့် ကျောက်များအား အသုံးပြုကြပြီး နောက်ပိုင်းတွင် ထုံးဓာတ်၊ ရေ၊ သဲ၊ ကျောက်(သို့မဟုတ်) အုတ်ခဲအကျိုးအပဲ့များ ရောနှောရမည်ကို သိရှိခဲ့ကြပြီး ထိုအရာသည် ကွန်ကရစ်၏ ပထမဆုံး စတင်ခဲ့သည့် သမိုင်းပင်ကွန်ကရစ် သမိုင်းအစပင် ဖြစ်သည်။ Lime Mortar(ထုံးသရွတ်)သည် ရေအောက်တွင် မာကျောနိုင်သည့် ဂုဏ်သတ္တိမရှိသောကြောင့် ရောမတွေက Lime နှင့် မီးတောင်ချော်ရည်ပြာ (သို့မဟုတ်) မီးသင့်ပြီးထားသော မှုန့်ညက်သည့် ရွှံ့များအား ရောနှောခဲ့ပါသည်။ ထိုမီးတောင်ချော်ရည်ပြာများမှ Active Silica နှင့် Alumina တို့က Lime နှင့် ဓာတ်ပြုစေပြီး Pozzolanic Cement ဟု Vesuvius အနီးတွင်ရှိသည့် Pozzuoli ရွာကို အစွဲပြုပြီး ခေါ်ဆိုစေခဲ့ပါသည်။ ထိုမီးတောင်ပြာများကို ထိုရွာမှ အစပြုတွေ့ရှိခဲ့ခြင်းကြောင့်လည်း ဖြစ်သည်။ ပုံမှန်အပူချိန်တွင် သဘာဝတွင်းထွက်များအား ကြိတ်ခွဲပြီး ထွက်ရှိလာသောအရာများကို ပေါင်းစပ်ထုတ်လုပ်သည့် ဘိလပ်မြေအား Pozzolanic Cement ဟု ယနေ့အထိ ခေါ်တွင်သုံးစွဲနေပါသည်။ ရောမမြို့၏ ကဇာတ်ရုံ တစ်ရုံအား အင်္ဂတေများကို Mortar (သရွတ်)များဖြင့် တည်ဆောက်ထားပြီး ယနေ့အထိ မာကျောပြီး ခိုင်ခံ့နေသေးပါသည်။

အလယ်ပိုင်းခေတ်သို့ ရောက်သောအခါ ဘိလပ်မြေ၏ ဂုဏ်သတ္တိသည် ယေဘုယျအားဖြင့် မလုံလောက်ကြောင်းကို နိုင်ငံပေါင်း ရှစ်ဆယ်မှပညာရှင်များက ဘိလပ်မြေနှင့် ပတ်သက်သည့် ဗဟုသုတများ လိုအပ်နေသေးကြောင်း တွေ့ရှိလာကြပါသည်။ ၁၇၅၆ ခုနှစ်တွင် John Smeaton က Cornish ကမ်းခြေတွင်ရှိသည့် Eddystone ဟုခေါ်သည့် မီးပြတိုက်ကို ပြန်လည်တည်ဆောက်သောအခါ Pozzolana သည် Limestone နှင့် အတူတကွ ရောနှောထားခြင်းက ပိုကောင်းသည်ကို တွေ့ရှိလာခဲ့ပါသည်။ John Smeaton သည် Lime Hydraulic ၏ Chemical Properties အား စတင်သိရှိခဲ့ပြီး ထိုအရာသည် Lime နှင့် Clay အား အပူပေးရောနှောခြင်းမှ ရရှိပါသည်။

ထိုအရာကို အခြေခံပြီး နောင်တွင် ထိုမှတစ်ဆင့် Hydraulic Cement အဆင့်သို့ ပြောင်းလဲတိုးတက်လာပြီး Roman Cement ဟု James Parker မှ အဆင့်မြှင့်တင်ခဲ့ပါသည်။ ထိုအရာသည် Argillaceous Limestone တွင် ပါဝင်သည့် ထုံးဓာတ်ရှိသော အဖုလေးများမှ ထုတ်လုပ်ခဲ့သည်။ ထိုအရာသည် ပုံမှန်စကားလုံးဖြင့်သုံးလျှင် Portland Cement ၏ ဖခင်ဖြစ်သည်ဟု ၁၈၂၄ တွင် အဆောက်အအုံများ အင်္ဂတေတုံးများ Brick (အုတ်ခဲများ) ထုတ်လုပ်မှုတွင် ဦးဆောင်သည့် Joseph Aspdin မှ သတ်မှတ်ခဲ့ပါသည်။ ထိုဘိလပ်မြေအား clay နှင့် မာကျောသည့် Lime Stone များအား ရောနှော အပူပေးခဲ့ခြင်းဖြစ်ပြီး $CO_2$ ရရှိချိန်ထိသာ ရရှိနိုင်ပါသည်။ ထိုအဆင့်တွင် Clinker သို့ ရောက်ရှိနိုင်သည့် အပူပေးနိုင်ခြင်းမရှိပါ။ ခေတ်သစ်ဘိလပ်မြေအား ၁၈၄၅ တွင် Isaac Johnson က ထုံးကျောက်အား Clinker ရရှိအောင် အပူပေးပြီး Clay နှင့် ပေါင်းစပ်လောင်ကျွမ်းပါက ပိုမိုနိုင်ခံ့သည့် ဘိလပ်မြေရသည်အား သိရှိပြီး ထုတ်လုပ်နိုင်ခဲ့ပါသည်။

နောက်ပိုင်း Portland Cement ဟုခေါ်တွင်ရခြင်း၏ မူရင်းသည် Dorset ပြည်နယ်တွင်ရှိသည့် Portland Stone အား အသုံးပြုခြင်းကြောင့်ဖြစ်ပြီး ထို Portland Stone သည် အရောင်နှင့် အရည်အသွေးကောင်းမွန်သောကြောင့် ဖြစ်သည်။ ထိုမှ ယနေ့ကမ္ဘာအထိ ကျန်ရှိနေသော ဘိလပ်မြေထုတ်လုပ်သည့် နည်းပညာမှာ Calcareous နှင့် Argillaceous (သို့မဟုတ်) အခြား Silica-, Alumina-, and iron oxide-bearing တို့အား ရောနှောပြီး Clinker ရရှိသည်အထိ အပူပေးကာ ပြန်လည်ခွဲကြိတ်ခြင်းဖြင့် ရရှိစေခြင်းပင် ဖြစ်သည်။ Portland Cement ထုတ်လုပ်သည့် သတ်မှတ်ချက်များ မည်မျှပင် အမျိုးမျိုးရှိစေကာမူ Gypsum အား အခြားအရာများ Burning ပြုလုပ်ပြီးမှသာ ထည့်ကြပြီး ယနေ့ခေတ်တွင် အခြားတွင်းထွက်ရောစာများလည်း ရောနှောပေါင်းစပ်ကြပါသည်။


ယခုအခါ အမိုးအကာ သက်သက်မဟုတ်သော အိမ်တစ်လုံးကို စိတ်ကူးကြည့်ပါက အဆိုပါ အိမ်သည်လျှပ်စစ်ဓါးများ ဖန်တီးပေးနိုင်ရုံမက သင်၏လျှပ်စစ်ကားကိုပင် လျှပ်စစ်အားသွင်းပေးနိုင်တော့မည်ဟုဆိုပါက အံ့သြကြပေလိမ့်မည်။ သိပ္ပံပညာတိုးတက်လာမှုကြောင့် မကြာမီ လျှပ်စစ်ဘိလပ်မြေဖြင့် အဆိုပါ အိမ်မက်သည် လက်တွေ့တွင် ဖြစ်လာနိုင်တော့မည်ဖြစ်သည်။

လျှပ်စစ်ဘိလပ်မြေသည် ဇရာမ ဘက်ထရီတစ်လုံးကဲ့သို့ လျှပ်စစ်ကို သိုလှောင်သိမ်းဆည်းကာ ထုတ်လွှတ်သည့် နောက်ဆုံးပေါ် နည်းပညာသုံး ဆောက်လုပ်ရေးပစ္စည်းဖြစ်သည်။ ရိုးရာဘိလပ်မြေကို ကာဗွန်အနက်ရောင် (သို့မဟုတ်) Graphene ကဲ့သို့သော လျှပ်ကူးပစ္စည်းနှင့် ရောစပ်ခြင်းအားဖြင့် တီထွင်ထုတ်လုပ်ထားပြီး အဆိုပါကွန်ကရစ်သည် ဆိုလာပြားများ (သို့မဟုတ်) အခြားသော ပြန်လည်ပြည့်ဖြိုးမြဲအရင်းအမြစ်များမှ ထုတ်ပေးသော စွမ်းအင်များကို သိုလှောင်ထားနိုင်စွမ်းရှိသည်။ အခြေခံအားဖြင့် နံရံများ၊ ကြမ်းပြင်များနှင့် လူသွားလမ်းများပင်လျှင် စွမ်းအင်သိုလှောင်မှုစနစ်များအဖြစ် နှစ်ဆတိုးလာနိုင်သည်။

နည်းပညာအသစ်ဖြင့် မွမ်းမံထားသော လျှပ်စစ်ဘိလပ်မြေသည် လျှပ်စစ်ကို သိုလှောင်ထားနိုင်ပြီး အချိန်နှင့်အမျှ တဖြည်းဖြည်း ပြန်လည်ထုတ်လွှတ်နိုင်၍ နေ့ရောညပါ လျှပ်စစ်အားထုတ်လုပ်ပေးနိုင်စွမ်းရှိပါသည်။ အဆိုပါဘိလပ်မြေဖြင့် ပြုလုပ်သော ကွန်ကရစ်ပြားများသည် တာရှည်ခံပြီး အတိုင်းအတာတစ်ခုအထိ အသုံးပြုနိုင်သည့်အပြင် အိမ်များတွင် ရိုးရာလီသီယမ်ဘက်ထရီများ လိုအပ်မှုကို လျှော့ချနိုင် (သို့မဟုတ်) ဖယ်ရှားနိုင်သည်။ ဆိုလာပြားများနှင့် ပေါင်းစပ်၍ လျှပ်စစ်ဘိလပ်မြေဖြင့် တည်ဆောက်ထားသော အိမ်များသည် လုံလောက်သော ဓာတ်အားပေးစက်ရုံများ ဖြစ်လာနိုင်သည်။

အိမ်များအပြင် အဆိုပါနည်းပညာသုံး အခြေခံအဆောက်အအုံများနှင့်လမ်းများကို လမ်းမီးများဖြင့် မြင်ယောင်ကြည့်ပါက ကိုယ်ပိုင်ဖွဲ့စည်းပုံဆိုင်ရာ ကြံ့ခိုင်မှုရှိသည့်အပြင် လျှပ်စစ်ဓာတ်အားကို အားကိုးမှု နည်းပါးသော ရပ်ကွက်တစ်ခုကို ပုံဖော်ကြည့်နိုင်သည်။ လျှပ်စစ်ဘိလပ်မြေသည် လက်ရှိကာလတွင် စမ်းသပ်ဆဲသာဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ဆဲဖြစ်သော်လည်း အနာဂတ်ကာလ အဆောက်အအုံများသည် စွမ်းအင်ထုတ်လုပ်ရန်နှင့် သိုလှောင်ရုံသာမက ထုတ်လုပ်ပြီး သိုလှောင်နိုင်သည့် စမတ်ကျသော ရေရှည်တည်တံ့သော လျှပ်စစ်စွမ်းအင်ထုတ်ပေးနိုင်မည့် အနာဂတ် အဆောက်အအုံများကို မျှော်လင့်နိုင်စွမ်းရှိပါသည်။

ယခုအခါ တောင်ကိုရီးယားနိုင်ငံမှ အင်ဂျင်နီယာများလျှပ်စစ်ဓာတ်အားထုတ်လုပ်၍ သိုလှောင်ထားနိုင်သည့် အဆောက်အအုံများကို ဆောက်လုပ်နိုင်မည့် ဘိလပ်မြေအခြေပြု ဖွဲ့စည်းမှုတစ်မျိုးကို တီထွင်နိုင်ခဲ့သည်။



အဆောက်အအုံများကို ပါဝါအရင်းအမြစ်များအဖြစ် ပြောင်းလဲခြင်းအားဖြင့် ဘိလပ်မြေသည် ကမ္ဘာ့စွမ်းအင်၏ ၄၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းနိုင်မည်ဖြစ်သည့်အပြင် ပတ်ဝန်းကျင်ထိခိုက်မှု ပြဿနာများကိုလည်း ဖြေရှင်းပေးနိုင်မည်ဟုဆိုသည်။ လျှပ်စစ်ဘိလပ်မြေအသုံးပြုတည်ဆောက်ခြင်းသည် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခြင်းအတွက် များစွာအထောက်အကူဖြစ်စေမည်ဟုလည်းဆိုသည်။ စမ်းသပ်မှုများက ဘိလပ်မြေ စွမ်းဆောင်ရည်ကို လျှော့နည်းစေခြင်းမရှိစေဘဲ ပိုမို၍ စွမ်းဆောင်ရည်မြင့်မားလာစေသည်ဟုလည်းဆိုသည်။ Incheon အမျိုးသားတက္ကသိုလ်စက်မှုနှင့် မြို့ပြအင်ဂျင်နီယာဌာနသုတေသီများနှင့် ကိုရီးယားတက္ကသိုလ်များမှ ပညာရှင်များက စွမ်းအင်ထုတ်လုပ်ခြင်းနှင့် သိုလှောင်မှုစွမ်းရည်များကိုစမ်းသပ်ရန် တီထွင်ထားသောပစ္စည်းများကို အသုံးပြု၍ ဓာတ်ခွဲခန်းအဆင့် လျှပ်စစ်ဘိလပ်မြေကို ဒီဇိုင်းပြုခဲ့ခြင်းဖြစ်သည်။

Incheon အမျိုးသားတက္ကသိုလ်နှင့် တောင်ကိုရီးယားသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဦးစီးဌာနမှ ဌာနဆိုင်ရာ စွမ်းအင်ထုတ်အဆောက်အအုံများကို တည်ဆောက်ရန်နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန်အတွက် ကြိုးစားဆောင်ရွက်နေကြခြင်းဖြစ်သည်။ "ဘိလပ်မြေက မရှိမဖြစ် ဆောက်လုပ်ရေးပစ္စည်းဖြစ်လို့ CBC-Teng System အတွက် အဓိက Conditive ဒြပ်စင်အဖြစ် ဖြည့်ဆည်းပေးတဲ့အရာနဲ့ ကျွန်တော်တို့သုံးဖို့ ဆုံးဖြတ်လိုက်တာဖြစ်တယ်"ဟုလည်း အဆိုပါ သုတေသီများက ပြောပါသည်။ အဆိုပါ သုတေသနရလဒ်များကို Nano Energy ဂျာနယ်တွင် အကျယ်တဝင့် ရေးသားထုတ်ဝေဖော်ပြခဲ့သည်။ "ကျွန်တော်တို့ရဲ့ အဋ္ဌိမရည်မှန်းချက်မှာ လူတို့၏ဘဝကို ပိုမိုကောင်း မွန်သော ဘဝတစ်သက်တာအတွက် ပိုမိုကောင်းမွန်အောင်လုပ် ဆောင်ပေးသည့်ပစ္စည်းများနှင့် ကမ္ဘာမြေကိုကယ်တင်ရန် စွမ်းအင်မလိုအပ်သည့် ပစ္စည်းများဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်သည်"ဟုလည်း အဆိုပါ ပညာရှင်များက ပြောကြားခဲ့သည်။

အချုပ်အားဖြင့်ဆိုသော် နည်းပညာများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ လျှပ်စစ်စွမ်းအင်အား နည်းအမျိုးမျိုးဖြင့် ထုတ်လုပ်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြသည်။ နေအိမ်တစ်လုံးအား သီးခြားအကူပစ္စည်းများမပါရှိဘဲ လျှပ်စစ်ဓာတ်အား ရရှိစေရန်ဆိုသည်မှာ မည်သို့မျှ မဖြစ်နိုင်ခဲ့သော်လည်း ယခုအခါ လျှပ်စစ်ဘိလပ်မြေဖြင့် တည်ဆောက်၍ ဓာတ်အားထုတ်လုပ်ရယူရန် ကြိုးပမ်းလျက်ရှိပြီဖြစ်ရာ အဆိုပါနည်းပညာသာ စီးပွားဖြစ်ဆောင်ရွက်နိုင်လာပါက နေအိမ်အဆောက်အအုံများ ဆောက်လုပ်ခြင်းပညာသည် တစ်ခေတ်ပြောင်းသွားတော့မည်ဖြစ်ပါကြောင်း ဗဟုသုတအနေဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

**Ref: Wikipeadia and Google.**

## စာတတ်မြောက်ရေးနေ့အခမ်းအနား ကျင်းပ

**မိုးကောင်း စက်တင်ဘာ ၉**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ် စာတတ်မြောက်ရေးနေ့အခမ်းအနားကို အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မဏ္ဍပ်သဘင်ခန်းမ၌ စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးကိုယ်စား အ.ထ.က (၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်အိအိဖြိုးက "စာတတ်မြောက်ခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု" ခေါင်းစဉ်ဖြင့် ဟောပြောသည်။



အဆိုပါအခမ်းအနားကို မြို့ပေါ်ကျောင်းအုပ်ဆရာ၊ ဆရာမများ၊ Grade-8 နှင့် Grade-9 သင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၂၅၀ ဦးခန့် တက်ရောက်ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်နှင့် စာအုပ်၊ စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*

## မန္တလေးမြို့တွင် လျှောင်ဒဏ်သင့် လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာ ဆိုင်ကယ်ပြုပြင်ရေးသင်တန်း ဖွင့်လှစ်

**မန္တလေး စက်တင်ဘာ ၉**

အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန၊ UMFCCI, MRCCI တို့ ပူးပေါင်းလျက် လျှောင်ဒဏ်သင့်လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာ ဆိုင်ကယ်ပြုပြင်ရေးသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်း MRCCI ယာယီရုံးခန်းတွင် ကျင်းပသည်။ **(အောက်ပုံ)**

သင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းသူ၊ အတွင်းရေးမှူး ဦးကျော်စိုးနိုင်နှင့် အလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် MRCCI အသင်း ဒုတိယဥက္ကဋ္ဌက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းသားများက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားကြသည်။

အဆိုပါ သင်တန်းအား မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၄၁လမ်း၊ ၈၆လမ်းနှင့် ၈၇လမ်းကြားရှိ အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာနရုံးတွင် စက်တင်ဘာ ၈ ရက်မှ စက်တင်ဘာ ၁၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်၍ သင်တန်းသို့ သင်တန်းသား ၂၀ ဦး တက်ရောက်ကြကြောင်း သိရသည်။ (၀၇၀)



## စာအုပ်စာပေချစ်မြတ်နိုးသူအသင်း (Book Club) အဖွဲ့ဝင်များ လူငယ်စာဖတ်ဝိုင်း ကျင်းပ

**အောင်လံ စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်တွင် ပြည်သူများ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ စာပေဖတ်ရှုခြင်းမှ ရရှိနိုင်သည့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အမြင်ချင်းဖလှယ်ခွင့်ရရှိစေရန် ရည်ရွယ်၍ စာအုပ်၊ စာပေချစ်မြတ်နိုးသူအသင်း (Book Club) အဖွဲ့ဝင်များက စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်၏ တစ်ပြည်သူမရွှေထား စာအုပ်ဖြင့် လူငယ်စာဖတ်ဝိုင်းကို ယမန်နေ့က လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ လူငယ်စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးမျိုးသိန်းက စာပေချစ်မြတ်နိုးသူများ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆွေးနွေးသည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် လူငယ်စာဖတ်ဝိုင်းများ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး (Book Club) အသင်းဥက္ကဋ္ဌ ဦးတင်ဝင်း၊ (Book Club) အသင်း ဒုဥက္ကဋ္ဌ ဦးသန်းထွန်း၊ စာအုပ်စာပေချစ်မြတ်နိုးသူအသင်းအဖွဲ့ဝင်များက တစ်ပြည်သူ မရွှေထားစာအုပ်တွင် ပါဝင်သည့် အကြောင်းအရာများကို အသီးသီး ဆွေးနွေးခဲ့ရာ တက်ရောက်လာသူများက မိမိတို့ သိရှိလိုသည်များကို မေးမြန်းပြီး အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ) အာကာ(ပြန်/ဆက်)

## ကိုင်းခရမ်းချဉ်သီးများ စတင်ဆွတ်ခူးရောင်းချ

**ညောင်ဦး စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်တွင် ကျေးလက်တောင်သူများ စိုက်ပျိုးထားသည့် ကိုင်းခရမ်းချဉ်သီးပေါ်ချိန် တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ဖြင့် ရောင်းချနေရခြင်းကြောင့် မိသားစုဝင်ငွေ တွက်ခြေကိုက်နေကြကြောင်း ညောင်ဦးမြို့နယ်၊ ငါ့မင်းမေးကျေးရွာ ကျေးလက်တောင်သူများထံမှ သိရသည်။

ညောင်ဦးမြို့နယ်တွင် ကိုင်းခရမ်းချဉ်စိုက်ပျိုးမှု ယခုနှစ်တွင် များပြားခဲ့ကာ ခရမ်းချဉ်သီး စတင်ပေါ်ချိန်တွင် တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ အထိ ရောင်းချခဲ့ရခြင်းကြောင့် ခရမ်းချဉ်သီးစိုက်တောင်သူများ မျှော်လင့်နေသည့် ဈေးနှုန်းထက် ကျော်လွန်ခဲ့ကြောင်း၊ ခရမ်းချဉ်သီး လှိုင်လှိုင်ပေါ်ချိန်တွင်လည်း ဈေးနှုန်း ထပ်မံမကျဆင်းနိုင်ကြောင်း ခရမ်းချဉ်သီးစိုက်ပျိုးသောတောင်သူများထံမှ သိရသည်။

ညောင်ဦးမြို့နယ်တွင် ယခုနှစ် မိုးရွာသွန်းမှု များပြားကာ ကျေးလက်တောင်သူများ စိုက်ပျိုးသည့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းခဲ့ကြောင်း၊ ကိုင်းခရမ်းချဉ်ခင်းများ ကောင်းမွန်ခြင်းကလည်း ခရမ်းချဉ်စိုက်ပျိုးတောင်သူများ အပင်သန်မာထွားကျိုင်း၍ အပွင့် ပွင့်နှုန်း၊ အသီးသီးနှုန်းကောင်းမွန်ပြီး ခရမ်းချဉ်သီး ထွက်ရှိမှုလည်း ကောင်းကြောင်း၊ ပွဲစားများမှာလည်း ခရမ်းချဉ်ခင်းနှင့် နီးသည့်နေရာများအထိ ခရမ်းချဉ်သီး အဝယ်ဒိုင်များ ဖွင့်လှစ်ကာ ထွက်ရှိလာသည့် ခရမ်းချဉ်သီးများကို ဝယ်ယူ၍ ရန်ကုန်နှင့် မန္တလေးမြို့များသို့ တစ်ဆင့်ပို့ဆောင်ရောင်းချခြင်းဖြင့် ကိုင်းခရမ်းချဉ်စိုက်တောင်သူများ ဝင်ငွေရရှိနေကြကြောင်း သိရသည်။

(အောက်ပုံ) (၄၈၁)



## ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့နည်းပပျောက်စေရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျောက်ဆည် စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ပလတ်စတစ်အိတ်သုံးစွဲမှု လျှော့နည်းပပျောက်စေရေးနှင့် အစားထိုးသုံးစွဲမှုများ လိုက်နာရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ စက်တင်ဘာ ၈ ရက် နံနက် ၇နာရီက ကျောက်ဆည်မြို့ မြို့မဈေးကြီးတွင် ပြုလုပ်ခဲ့သည်။



အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဈေးရောင်းချသူများနှင့် ဈေးဝယ်ပြည်သူများအား ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်များ အစား၊ ငှက်ပျောဖက်၊ အင်ဖက်၊ သတင်းစာစက္ကူ စသည့် သင့်လျော်ရာများနှင့် အစားထိုး ထုပ်ပိုးသုံးစွဲသွားကြစေရေး ရှင်းလင်းပြောကြားခဲ့ပြီး ပတ်ဝန်းကျင်သာယာလှပရေး၊ ပလတ်စတစ်အမှိုက်ကင်းစင်ရေး လိုက်နာဆောင်ရွက်သွားကြရန်အတွက် ပလတ်စတစ်၏ ဆိုးကျိုးများဖြစ်သည့် မြို့ပြ၏သန့်ရှင်းသာယာလှပမှုကို ထိခိုက်ခြင်း၊ မြေထုကိုညစ်ညမ်းခြင်း၊ ရေထုကိုညစ်ညမ်းခြင်း၊ လေထုကိုညစ်ညမ်းခြင်း၊ ကျန်းမာရေးကို ထိခိုက်ခြင်းအကြောင်းများနှင့် ဖြေရှင်းရန်နည်းလမ်းများ၊ ပလတ်စတစ်အမျိုးအစားများအကြောင်း ပါဝင်သည့် အသိပညာပေး လက်ကမ်းစာစောင်များနှင့် ဈေးဝယ်ရာ၌ ရေရှည်ပြန်လည်အသုံးပြုနိုင်သည့် အိတ်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၅)

စာအုပ်
စာပေ
လှူမိတ်ဆွေ။

❖ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံသည် တည်ငြိမ်အေးချမ်းပြီး လက်နက်ကိုင်ပဋိပက္ခများ ကင်းဝေးရန်ပင်ဖြစ်...

❖ သို့မှသာ အခြေခံအဆောက်အအုံများတည်ဆောက်နိုင်ပြီး ကုန်စည်ကူးသန်းရောင်းဝယ်မှု ကောင်းမွန်လာမည်ဖြစ်...

❖ အလားတူဒေသခံများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍစုံကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြုလုပ်သော တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မင်းဘူး(စကု)မြို့နယ်ရှိ ကမ်းနီဆိုလာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းဧရိယာတွင် မိုးစပါးနှင့် အခြားသီးနှံများအတွက် စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိ



**မင်းဘူး စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်ရှိ ဒေသခံတောင်သူများ ယခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရန် ကမ်းနီဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်း စီမံကိန်းဧရိယာ၌ စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိသည်။

ထိုသို့စိုက်ပျိုးရေများ ဖြန့်ဝေပေးရာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)လက်အောက်ရှိ ကမ်းနီဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်း စီမံကိန်းဧရိယာအတွင်း ဒေသခံတောင်သူများ သီးနှံစိုက်ပျိုးချိန် ရာသီအလိုက် စိုက်ပျိုးရေရရှိရေးအတွက် ခရိုင်နှင့် မြို့နယ်တာဝန်ခံအရာရှိများက အနီးကပ်ကြီးကြပ်၍ စနစ်တကျ ဖြန့်ဝေပေးပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဆိုလာစနစ်ဖြင့် ကမ်းနီဆိုလာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း၌ ၂၁၃ ကီလိုဝပ် ဆိုလာဓာတ်အားပေးစနစ် တွဲဖက်တပ်ဆင်၍ ရာသီအလိုက် သီးနှံစိုက်ပျိုးချိန်ကာလအတွင်း စိုက်ပျိုးရေများ ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ မြို့နယ်တာဝန်ခံအရာရှိ က ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၅-၂၀၂၆ခုနှစ် စိုက်ပျိုးရာသီတွင် ကမ်းနီဆိုလာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း စီမံကိန်းဧရိယာ၌ အကျိုးပြု စိစစ်ဧရိယာ ဧကပေါင်း ၇၅၇ ရှိသည့်အနက် ယနေ့အထိ မိုးစပါးကို ရေသောက်စနစ်ဖြင့် ပေးဝေ၍မရသော ကုန်းမြင့်ယာမြေများတွင် မိုဘိုင်းဆိုလာဖြင့် စိုက်ပျိုးရေပေးဝေကာ မိုးစပါး ၁၅ ဧကနှင့် ရေသောက်စနစ်အတွင်း မိုးစပါး ဧက ၄၃၀၊ စုစုပေါင်း မိုးစပါး ဧကပေါင်း ၄၄၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ထို့အပြင် အခြားသီးနှံများဖြစ်သော နှမ်း ဧက ၁၉၀၊ မြေပဲ ၅၇ ဧက၊ ပဲစင်းငုံ ၂၇ ဧကနှင့် ပဲတီစိမ်း ၅၃ ဧကတို့ကို စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါသီးနှံစိုက်တောင်သူများအတွက် စိုက်ပျိုးရေများ လုံလောက်စွာ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၅၀၀)

# မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် စက်တင်ဘာ ၉**

စက်တင်ဘာ နိုင်ငံတကာ ရက်သတ္တပတ်တွင် ခြေစမ်းပွဲစဉ်အဖြစ် စင်ကာပူနိုင်ငံရှိ ဂျလန်ဘီဆာကွင်း၌ မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့သည်။



ယခုပွဲစဉ်အား နှစ်ဖက်ဘောလုံးအဖွဲ့ချုပ် ညှိနှိုင်းမှုအရ ပရိသတ်မပါဘဲ ကွင်းပိတ်ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းတို့သည် ၂၀၂၄ခုနှစ် နိုဝင်ဘာလတွင် ခြေစမ်းပွဲကစားပြီးနောက် ၁၀လဝန်းကျင်အကြာတွင် ခြေစမ်းပွဲထပ်မံကစားခြင်းဖြစ်ပြီး ယခုအကြိမ်တွေ့ဆုံမှုတွင် သရေကျခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန်မိနစ်၆၀တွင် ထောင်ကန်ဘောမှ တစ်ဆင့် သက်ဟိန်းစိုးက သွင်းယူပေးခဲ့သည်။ စင်ကာပူလက်ရွေးစင်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကိုမူ ပွဲချိန် မိနစ် ၉၀ တွင် အီဟာန်ဖန်ဒီက ခေါင်းတိုက် သွင်းယူပေးခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှခြေစစ်ပွဲစဉ်အဖြစ် လာမည့် အောက်တိုဘာလတွင် ဆီးရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

(NGB)

o-o-o-o

o-o-o-o-o



# အိမ်ကွင်းတွင် ဒဂုံပေါ့(ယူ-၂၁) အသင်းကို အနိုင်ရရှိခဲ့သည့် ရန်ကုန်ယူနိုက်တက် (ယူ-၂၁) အသင်း

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်ယူနိုက်တက်(ယူ-၂၁) အသင်း၏ MNL Youth League Week (၁၉) အဖြစ် ဒဂုံပေါ့(ယူ-၂၁) အသင်းကို အိမ်ကွင်းတွင် လက်ခံကစားခဲ့ပြီး နှစ်ဂိုး၊ ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်လူငယ်အသင်း၏ သွင်းဂိုးများကို ပွဲချိန် ၂၅ မိနစ်နှင့် မိနစ် ၄၀ များတွင် ခွန်းချိုထူးနှင့် လမင်းပြည့်စုံတို့မှ သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက် (ယူ-၂၁) အသင်းသည် လက်ရှိတွင် (၁၉) ပွဲကစား၊ ၁၂ ပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံး ရမှတ်(၄၀) ဖြင့် အမှတ်ပေးဇယားအဆင့် (၃) နေရာတွေရပ်တည်လျက်ရှိပြီး လာမည့် စက်တင်ဘာ ၁၅ ရက်တွင် Falcon အသင်းနှင့် YUSC ကွင်းတွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)